# အယူကွဲပြားညီနောင်များ နှင့် ဆက်ဆံရေး



သန့်ဝင်မွန်

# အယူကွဲပြား ညီနောင်များနှင့် ဆက်ဆံရေး

## Relations with Non-Muslim


ပြုစုသူ

**ဟာဇရသ်အလ္လာမဟ်မောင်လာနာ**

**ခါလစ်ဒ်စိုင်ဖွလ္လာဟ်(ရဟ်မာနီ)**

ပြန်ဆိုသူ

**သန့်ဇင်မွန်**

စီစဉ်သူ

ဟာပိဇ်မုဟာမ္မဒ်ရဖီ(ပုသိမ်)

B.Sc, H.G.P, C.B.L

အယ်ဒီတာချုပ်

အလ်မီဇာန်အစ္စလာမ့်သတင်းနှင့်နည်းပညာမဂ္ဂဇင်း


(ကန့်သတ်)

# غیر مسلم بھائیوں سے تعلقات

## اسلامی تعلیمات کی روشنی میں

تالیف


محقق العصر حضرت مولنا خالد سیف اللہ رحمانی صاحب (حفظہ اللہ)

(ناظم المعہد العالی الاسلامی۔حیدرآباد)


ترجمہ واضافہ


جناب الحاج مولنا مفتی قاری غازی حکیم

محمد طیب ابراھیم شمسی صاحب (حفظہ اللہ)



مکتبہ دارالسنۃ ۔ یانگوں۔میانمار

۱۴۳۳ھ

۲۰۱۲ م

# မာတိကာ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ❍ အလ်ဟာဂ်ျဦးအေးလွင်၏အမှာစာ | က - စ |
| ❍ အလ်ဟာဂ်ျဝါးခယ်မမောင်မင်းနိုင်၏အမှာစာ | ဆ - ဓ |
| ❍ ပြန်ဆိုသူ၏အမှာစာ | ဈ - ည |
| ❍ ပြုစုသူ၏အမှာစာ (နိဒါန်း) | ဋ - ဌ |
| ၁။ ကမ္ဘာ့လူသားထုတစ်ရပ်လုံးသည် တစ်ခုတည်းသော မိသားစုဝင်များဖြစ် | ၁ |
| ❑ မြင့်မြတ်သော လူ့ဂုဏ် | ၂ |
| ❑ ကာဖိရ်ဟူသော ဝေါဟာရ | ၄ |
| ❑ ဇင်မ္မီဟူသည့်စကားရပ်၌ စော်ကားမှုမပါရှိ | ၆ |
| ၂။ ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေး | ၇ |
| ❑ မုစ်လင်မ်မဟုတ်သူများနှင့် ကောင်းမွန်စွာဆက်ဆံရန် ညွှန်ကြားချက် | ၇ |
| ❑ အာယတ်တော် ထုတ်ပြန်ပို့ချတော်မူခြင်း နောက်ခံသမိုင်း | ၈ |
| ❑ လူ့ဘဝကို တန်ဖိုးထားကာကွယ်စောင့်ရှောက်ခြင်း | ၁၀ |
| ❑ ပိုင်ဆိုင်မှုကို လေးစားခြင်း | ၁၂ |
| ❑ ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ခြင်း | ၁၄ |
| ❑ အေးအတူပူအမျှ | ၁၅ |
| ၃။ ပညာရေးဆိုင်ရာ ဆက်ဆံမှု | ၁၇ |
| ၄။ စီးပွားရေးဆိုင်ရာ ဆက်ဆံမှု | ၁၉ |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၅။ အုပ်ချုပ်ရေးဆိုင်ရာ ဆက်ဆံမှု | ၂၀ |
| ❑ စုပေါင်းကာကွယ်ခြင်း | ၂၁ |
| ❑ နေထိုင်ရာတိုင်းပြည်ကို သစ္စာစောင့်သိရမည် | ၂၃ |
| ❑ မိတ်ဖက်မပျက် ပေါင်းဖက်ဆောင်ရွက် | ၂၄ |
| ❑ ဘာသာတရားနှင့် စပ်လျဉ်းရာ | ၂၄ |
| ❑ မွတ်စလင်မ်စရိုက်လက္ခဏာကို ထိန်းသိမ်းခြင်း | ၂၆ |
| ၆။ အခြားဘာသာကိုလည်း လေးစား | ၂၈ |
| ❑ ဘာသာရေးဆိုင်ရာ အကြီးအကဲများကို အပြစ်မဖွဲ့ရ မကောင်းမဆိုရ | ၃၀ |
| ❑ ဘာသာရေးအဆောက်အအုံများကို လေးစားရမည် | ၃၀ |
| ❑ "ဂျေဟာဒ်" ဟူသည့် ဝေါဟာရ၏ သုံးသပ်ချက် | ၃၀ |
| ❑ "ဂျေဟာဒ်" နှင့် တမန်တော့်ဘဝ | ၃၅ |
| ❑ ဂျစ်ဇ်ယာဟ်၏ သဘောတရား | ၃၆ |
| ❑ ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ အစ္စလာမ်ပေါ်ရှုမြင်ချက်သဘောထား | ၃၇ |
| ❑ စုန်းပြူးတော့ ရှိပါသည် | ၃၈ |
| ❑ နိဂုံး | ၃၉ |

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

# အလ်ဟာဂျ်ဦးအေးလွင်၏ အမှာစာ

ဟဇရတ်အလ္လာမဟ်၊ မောင်လာနာ ခါလစ်ဒ်စိုင်ဖွလ္လာဟ်(ရဟ်မာနီ)သခင်ကြီး စီရင်ရေးသားအပ်သည့် 'Relations With Non-Muslim'"အယူကွဲပြားညီနောင်များနှင့်ဆက်ဆံရေး"ကျမ်းငယ်အား မောင်လာနာ ဦးသန့်ဇင် စာရေးဆရာ သန့်စင်မွန်မှ ဘာသာပြန်ဆိုထားသောကျမ်းတွင် အမှာစာ ရေးသားခွင့်ရရှိပါသဖြင့် အရှင်မြတ်ကို ကျေးဇူးတင်ချီးမွမ်းထောပဏာပြု၍ အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

လူသားမှန်သမျှ မိမိယုံကြည်လိုရာကို လွတ်လပ်စွာ ရွေးချယ်ယုံကြည်ခွင့်ကို ခပ်သိမ်းဥဿုံအလုံးစုံကို ဖန်ဆင်းတော်မူသော အလ္လာဟ်အရှင်မြတ်က ပေးသနားချီးမြှင့်ထားခြင်းဖြစ်ပါသည်။

"အမှန်တရားသည် အသင်တို့အား ဖန်ဆင်းတော်မူသော အရှင်မြတ်ထံတော်မှ ရောက်ရှိလာခဲ့ချေပြီ။ သို့ဖြစ်ပေရာ မည်သူမဆို ယုံကြည်လိုလျှင် ယုံကြည်နိုင်၏။ ထိုနည်းတူစွာ ငြင်းပယ်လိုလျှင် ငြင်းပယ်နိုင်၏။ *(၁၈း၂၉)*

အစ္စလာမ်တရားတော်အရ လောကခပ်သိမ်းသို့ သစ္စာအမှန် "အလ်ဟပ်(က်)" တစ်ခုတည်းကိုသာ ပို့ချပေးပြီးလောကအဝှန်း ခေတ်တိုင်း၊ နေရာတိုင်းတွင် ထိုသစ္စာအမှန်ကို ပို့ချဟောကြား၊ လက်တွေ့ကျင့်သုံးပြသရန် လာခြင်းကောင်းတော်မူသော မဟာလူသားမြတ်တမန်အဆူဆူတို့ကို အလ္လာဟ်အရှင်မြတ်စေလွှတ်ခဲ့၏။ (ကုရ်အာန် ၄၂း၁၃၊ ၅း၄၈)။

ထိုမဟာလူသား တို့အနက် (၂၅)ပါးသောပုဂ္ဂိုလ်မြတ်တို့အား အမည်နာမတော်နှင့်ဖော်ပြခဲ့သော်လည်း ကျန်ပုဂ္ဂိုလ်မြတ်တို့ကိုမူ အမည်များဖြင့် မဖော်ပြခဲ့ပါ *(ကုရ်အာန် ၄၀း၇၈၊ ၄း၁၆၄)*။ သို့သော် ပွင့်လေပြီးသမျှသော မဟာလူသား မြတ်တမန်အဆူဆူကို ခွဲခြားမှုမရှိဘဲ ယုံရမည်ဖြစ်သည်။ *(ကုရ်အာန်၂း ၁၃၅)*

အကယ်စင်စစ် လူသားအားလုံးကို ဇီဝတစ်မျိုးတည်းမှ ဖြစ်စေတော်မူပြီး လူ၏တန်ဖိုးကို ဆုံးဖြတ်ရာ၌ ထိုလူသား၏ သီလ၊ သမာဓိ၊ ပညာစသည့် ကိုယ်ကျင့်သိက္ခာနှင့် သစ္စာအမှန်ကို ထိုးထွင်းသိမြင်၊ လက်ခံယုံကြည်၊ ကျင့်သုံးဆောက်တည်မှုအတိုင်းအတာနှင့်သာ ဆုံးဖြတ်ရန် အစ္စလာမ်တရားတော်က စံချိန်စံညွှန်းအဖြစ် သတ်မှတ်ထား၏ *(ကျမ်းမြတ်ကုရ်အာန် ၄၉း၁၃၊ ၄း၁)*။ (မဟာတမန်တော်မြတ်နောက်ဆုံး ဟဂ်ျဩဝါဒတော်)

အမှားနှင့်အမှန်၊ သစ္စာနှင့် မိစ္ဆာ၊ ဓမ္မနှင့် အဓမ္မ၊ ဝိဇ္ဇာနှင့်အဝိဇ္ဇာ၊ ဟပ်(က်)နှင့် ဘာသွလ်ကို ပိုင်းခြားစမ်းစစ်လေ့လာသုံးသတ်၊ ဆုံးဖြတ်နိုင်ရန် ဉာဏ်ရည်ဉာဏ်သွေး"အိလ်ဟာမ်"ပေးသနားတော်မူပြီးမှ လူသားကို လွတ်လပ်စွာ ရွေးချယ်ခွင့် (Freedom of Choice)ကို အရှင်မြတ်ကပေး သနားထားတော်မူပါသည်။ မိမိ၏ လွတ်လပ်သော မလျော်ဩဇာကင်းသော ဒွိဟသံသယရှင်းသော ကိုယ်ပိုင်ဆုံးဖြတ်ချက်သာလျှင် မိမိလက်ခံလိုသည်ကို ရွေးချယ်ပိုင်ခွင့်ရှိပါသည်။ *(ကုရ်အာန် ၂ း ၂၅၆)*

အနန္တဘုန်းတော်ရှင်၊ အနန္တဉာဏ်တော်ရှင်ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်သည် အလိုတော်ရှိပါက ဖန်ဆင်းခံဝေနေယျအားလုံးကို ယုံကြည်သူများအဖြစ် ပြုလုပ်ပေးနိုင်စွမ်းရှိတော်မူပါ၏။ သို့သော် အရှင်မြတ်၏ မဟာစီမံကိန်းမှာ ထိုသို့မဟုတ်ပေ။

"စင်စစ်သော်ကား အကယ်၍အသင့်အားဖန်ဆင်းတော်မူသော အရှင်မြတ်သည် အလိုရှိတော်မူခဲ့ပါလျှင် ကမ္ဘာမြေဝယ်ရှိရှိသမျှသော လူခပ်သိမ်းတို့သည် တစ်ပြိုင်နက် အီမာန်သက်ဝင်ယုံကြည်ကြမည်သာ ဖြစ်ကြကုန်၏။ သို့ဖြစ်ပေရာ အသင်သည် လူတို့အား မုအ်မင်သက်ဝင် ယုံကြည်သူများဖြစ်လာကြရန် အတင်းအကျပ်ပြုလုပ်နိုင်ပါသလော။" (ကုရ်အာန် ၁၀း ၉၉)

"အမှန်သော်ကား အကယ်၍သာ အသင့်အားဖန်ဆင်းတော်မူသော အရှင်မြတ်သည် အလိုရှိခဲ့ပါလျှင် လူခပ်သိမ်းတို့အား သာသနာဝင်တစ်ခုတည်းသောလူစုအဖြစ်သာ ပြုလုပ်တော်မူခဲ့အံ့။ သို့ရာတွင် ၎င်းတို့သည် သဘောထား ကွဲလွဲသူများအဖြစ် အမြဲထာဝရရှိနေမည်သာတည်း။

(ကုရ်အာန်၁၁း ၁၁၈)။ ထိုသို့ဝေနေယျာအားလုံးကို အယူတစ်ခုတည်း ဖြစ်အောင် ပြဋ္ဌာန်းခြင်းပြုတော်မမူသော အလ္လာဟ်အရှင်မြတ်သည် မဟာတမန်တော်မြတ်ကြီးကို ဤသို့ တိုက်ရိုက်မိန့်ကြားတော်မူခဲ့၏။

"မည်သူမဆို သွေဖည်ငြင်းပယ်ခဲ့ပါမူ ထိုသူ၏ သွေဖည်မှုသည် အသင့်အား ပူဆွေးခြင်းမဖြစ်စေရ"။ *(ကုရ်အာန် ၃၁း ၂၃)*

"အိုနဗီတမန်တော် ၎င်းတို့သည် သက်ဝင်ယုံကြည်ခြင်း မရှိကြသောကြောင့် အသင်သည် မိမိကိုယ်ကို သတ်သေလုမတတ်ဖြစ်နေဘိ၏။"

*(ကုရ်အာန် ၂၆း ၃)*

သို့ရာတွင် လူသားအနေဖြင့် လမ်းမှားနေသူတို့အား အမှန်တရားဘက်သို့ ဖိတ်ခေါ်မှုပြုရပေမည်။ တရားအလင်းဉာဏ်ပွင့်ထွန်းမည့် ကိစ္စဖြစ်သည်။ ထို့ကြောင့် "အသင်တို့သည် တရားမှန်တရားစစ်ကို မိမိကိုယ်တိုင်သိကြပါလျှက် ဖုံးကွယ်ထိန်ချန်၍ မထားကြကုန်လင့်"။ *(ကုရ်အာန် ၂း ၄၂)*

လူသားတို့၏ ဦးနှောက်(ဆင်ခြင်တုံတရား)နှင့် နှလုံးသား(ထိုးတွင်းဉာဏ်)တို့အား အောင်မြင်မှုရရှိနိုင်မည့် မွေနည်းဗျူဟာ အသိဉာဏ်ပညာ အလိမ္မာနှင့် ချိုသာအေးမြစွာ ဟောပြောခြင်းဖြင့် ဖိတ်ခေါ်မှုပြုရန်ကိုလည်း ကျမ်းမြတ်ကုရ်အာန်က ညွှန်ပြထား၏။

"အသင်သည် လူတို့အား အလ္လာဟ်အရှင်မြတ်၏ လမ်းတော်သို့ ဉာဏ်ပညာနှင့်လည်းကောင်း၊ ကောင်းမြတ်သောဆုံးမဩဝါဒနှင့်လည်းကောင်း ဖိတ်ခေါ်ပါလေ။ *(ကုရ်အာန် ၁၆း ၁၂၅)*

ယင်းသို့ဖိတ်ခေါ်ရာတွင် ကြောင်းကျိုးရေရာ မြစ်ချေခိုင်မာသော အကိုးအကား သက်သေအထောက်အထားတို့နှင့် လူသားတို့၏ ဒွိဟသံသယ ရှင်းပြီး စိတ်နှလုံး ဒုံးဒုံးချ ယုံကြည်လာနိုင်ရန် ကြိုးပမ်းကြရမည်။ လက်ခံခြင်း၊ လက်မခံခြင်းမှာ သက်ဆိုင်ရာ ကာယကံရှင်နှင့် သူ့အားဖန်ဆင်းတော်မူသောအရှင်၏အရေးကိစ္စသာလျှင်ဖြစ်၏။

"အိုနဗီတမန်တော် အသင်ပြောလော့။ ဤသည်ငါ၏လမ်းစဉ်ပင်၊ ငါသည် အလ္လာဟ်အရှင်မြတ်ဘက်သို့ ခိုင်မာရေရာသည့် အသိပညာဖြင့်သာ

လျှင် ဖိတ်ခေါ်ခြင်းပြု၏။ ငါနှင့် ငါ့အားလိုက်နာသူ နောက်လိုက်မှန်သမျှ သည်လည်း ဤသို့ပင်တည်း။" (ကုရ်အာန် ၁၂း ၁၀၈)

အမှန်တရားသည် တစ်ခုတည်းသာရှိပြီး အဆိုပါအမှန်တရားကိုလည်း ကြားနာသိရှိစေရန် ကာလ၊ဒေသမရွေး မဟာလူသားပုဂ္ဂိုလ်ထူးအသီးသီးတို့ ပွင့်ပေါ်ထွန်းတောက် ဟောကြားပို့ချခဲ့စေပြီးနောက် တမန်တော်အပေါင်း၏ ဓမ္မရာဇ်သင်းကျစ်၊ မကိုင်္ဂသရဖူဖြစ်တော်မူသည့် မဟာတမန်တော်မြတ် မုဟမ္မဒ် (ﷺ)သည် အမြတ်ဆုံးနှင့် နောက်ဆုံးအန္တိမ မဟာလူသား မြတ်တမန် အဖြစ် ကြွရောက်တော်မူခဲ့ပါသည်။ ကိုယ်တော်မြတ်ပွင့်တော်မူပြီးနောက် လည်း သစ္စာအမှန်ကို ငြင်းဆန်၊ လက်မခံသူများရှိနေဦးမည်ဖြစ်၍ ထိုသူတို့ အား မည်သို့ သဘောထားရမည်ကို ကိုယ်တော့်အား အသိပေးထားပါသည်။ သစ္စာအမှန်ကို လက်မခံသူတို့အားလုံး လက်ခံလာမှ ကျေနပ်တော်မူမည်ဟု ကိုယ်တော်မြတ်အား အရှင်မြတ်က ကြွေးကြော်တော်မမူခဲ့ပေ။

"သင်တို့အယူနှင့် သင်တို့ရှိပါစေ၊ ကျွန်ုပ်အယူဖြင့် ကျွန်ုပ်နေပါမည်" (ကုရ်အာန် ၁၀၉ း ၂-၆)ဟု ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးနည်းစနစ်ကို ကိုယ်တော်မြတ်ရုပ်လုံးဖော် ပြစေခဲ့ပါသည်။

ကျမ်းမြတ်ကုရ်အာန်တွင် မတူကွဲပြားသည့်အယူခြားသူတို့၏ သာသနိက အဆောက်အအုံတို့အား စောင့်ရှောက်ကာကွယ်ရန်ပင် မိန့်မှာထားပါသည်။

ကိုယ်တော်မြတ်၏ မဟာဝင်ကို လေ့လာကြည့်လျှင် အယူမတူသူတို့အား စာနာထောက်ထား၊ မေတ္တာပွား ကရုဏာထားခဲ့သည့် သမိုင်းသာဓကမြောက် များစွာတွေ့ရပေမည်။ စာချုပ်စာတန်းမှာပင် အခိုင်အမာချုပ်ဆိုခါ အယူ မတူသူတို့၏ သာသနိက အဆောက်အအုံများအား ကာကွယ်စောင့်ရှောက် ထိန်းသိမ်းပေးရန် မိန့်မှာထားသည့်အပြင် ဘာသာခြားရဟန်းရှင်လူပြည်သူ တို့အား ကူညီဖေးမရန်လည်းကောင်း၊ ဘုန်းတော်ကြီးတို့၏ ဆွမ်း၊ ကွမ်းကိုပင် တာဝန်ယူရန်လည်းကောင်း မိန့်မှာခဲ့သည်များရှိပါသည်။ မဒီနာရွှေမြို့တော် ရှိ မဟာတမန်တော်မြတ်ဝတ်ကျောင်းတော်၊ မစ်ဂျေ့ဒ်နဗဝီအတွင်း၌ ခရစ်ယာန်ကိုယ်စားလှယ်တို့အား ယင်းတို့၏ သာသနာသွန်သင်ချက်အတိုင်း

ဝတ်ပြုခွင့်ပေးခဲ့ကြောင်း ဘူခါရီဩဝါဒတော်ကျမ်း၌လာရှိပါသည်။ ဒုတိယမြောက်ခလီဖွာသမ္မတကြီး အုမရ်မှာမူ ဂျေရုစလင်မြို့ ခရစ်တော်ဖွားရာဝတ်ကျောင်းတော်၌ ခရစ်ယာန်တို့က ဆွလာတ်ချိန်ကျရောက်၍ ဝတ်ပြုရန်ကမ်းလှမ်းခဲ့သည်ကို လက်မခံဘဲ ဝတ်ကျောင်းအပြင်သို့ ထွက်ပြီး မြေပြင်၌ဝတ်ပြုခဲ့သည်။ မိမိတို့အကျိုးအကြောင်း နောက်ခံသမိုင်းကို မသိဘဲ၊ သူတစ်ပါး အယူခြားတို့၏ ဝတ်ကျောင်းတော်အား မစ်ဂျစ်ဒ်ဝတ်ကျောင်းတော်များအဖြစ်ပြောင်းပြစ်ရမည်ကို စိုး၍ဟု အကြောင်းပြခဲ့ပါသည်။

အယူမတူသည့်သူများ၏ သာသနိက အဆောက်အဦးတို့ကို မွတ်စလင်များ ထိန်းသိမ်းထားသည်ကို ဘဂ္ဂဒက်မြို့တော်ပြတိုက်အတွင်း၌ ယနေ့တိုင်တွေ့နိုင်ပါသည်။ "အစီရိယား"၊ "ဘေဘီလုံ"ခေတ် ကိုးကွယ်ရာရုပ်ပွားအများအပြားရှိနေသည်။ အီဂျစ်နိုင်ငံတွင် "စပင့်"များ၊ "ပစ်ရီမစ်'သင်္ချိုင်းဂူကြီးများက ဤအချက်ကို ထပ်ဆင့်ထောက်ခံနေပါသည်။ ပါကစ္စတန်နိုင်ငံတက္ကသီလမြို့တွင် ကိုးကွယ်မည့်သူတစ်ဦးတစ်ယောက်မျှမရှိဘဲ ဗုဒ္ဓဘာသာဆိုင်ရာစေတီ၊ ပုထိုး၊ ရုပ်ထု၊ ရုပ်ပွားအမျိုးမျိုးကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားသည်ကို တွေ့မြင်နိုင်ပါသည်။ ရှင်တော်ဗုဒ္ဓဒုက္ကရစရိယကျင့်ခဲ့စဉ်က အရိုးဖြိုန်းဖြိုန်းထနေသည့် ရုပ်ပွားတော်မှာ ကမ္ဘာ့မည်သည့်နေရာတွင်မှ မရှိသည့်လက်ရာမြောက်လှသည့် ဆင်းထုတော်ပုံဖြစ်ပါသည်။

အစ္စလာမ်ဘာသာဝင်များ အုပ်ချုပ်ခဲ့သည့် နိုင်ငံအသီးသီးတို့တွင်ဒေသခံတို့၏ မိရိုးဖလာဘာသာတရားတို့မှာ တိမ်ကောပပျောက်သွားခြင်းမရှိခြင်းမှာ ကုရ်အာန်နှင့် စွန္နာဟ်ပါ တရားတော်အတိုင်း အစ္စလာမ်ဘာသာဝင်တို့သည် ဘာသာမတူသူတို့၏ လွတ်လပ်စွာကိုးကွယ်ခွင့်ကို ပေးထား၍ဖြစ်ပါသည်။ မက္ကာရွှေမြို့တော်ကိုသွေးတစ်စက်မစွန်းဘဲ အောင်နိုင်ခဲ့သည့်မဟာတမန်တော်မြတ်၏ ဖြစ်တော်စဉ်ကို ဘာသာအသီးသီးမှ သမိုင်းသုတေသီတို့ ရှုထောင့်ပေါင်းစုံမှမှတ်တမ်းတင်ခဲ့ပါသည်။ ယင်းတို့အကြား အဆိုမပြားသည့်အချက်မှာ ကိုယ်တော့် ကရုဏာနှင့် မေတ္တာ၊ ခွင့်လွှတ်မှုနှင့် သည်းခံမှုတို့သည် လူ့သမိုင်းတွင် စံပြုလောက်ရ၏ဟူသောအချက်ဖြစ်ပါသည်။ မိမိနှင့်

တကွ အိမ်တော်သူအိမ်တော်သားတို့ကိုပါမကျန် ကိုယ်ထိလက်ရောက်ကျူးလွန်စော်ကားခဲ့သူတို့အပါတွင် အယူမတူသူ မက္ကာသူ၊ မက္ကာသားအားလုံးအား ခြွင်းချက်မရှိ၊ လုံးဝနှင့်အကြွင်းမဲ့လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့ပါသည်။ အယူမတူသူ ဘာသာခြားဖြစ်သည့် ကာဘာကျောင်းတော်ရှေ့တံခါးသော့ကိုင်သူတို့ပင် သော့ပြန်အပ်ခဲ့ပါသည်။ အနန္တမေတ္တာတော်ရှင်၏ ထုံးကို နှလုံးမူကာ အယူကွဲပြားလူသားအပေါင်းတို့အား သမိုင်းတစ်လျှောက်မှ မွတ်စလင်အုပ်ချုပ်သူတို့ လက်အောက်၌ လွတ်လပ်စွာကိုးကွယ်ခွင့်ရခဲ့ကြသည်။ အာရပ်ကမ္ဘာမှ သန်းနှင့်ချီသော အာရပ်ခရစ်ယာန်နှင့် ဂျူးတို့သည်လည်းကောင်း၊ အိန္ဒိယနိုင်ငံမှ သန်းနှင့်ချီသော မွတ်စလင်မဟုတ်သူဘာသာခြားအပေါင်းတို့သည်လည်းကောင်း၊ စပိန်၊ ပြင်သစ်စသည့် အစ္စလာမ့်အေးရိပ်ဆာယာအောက်သို့ ခိုလှုံခွင့်ရခဲ့သည့် ဥရောပတိုက်မှ ခရစ်ယာန်၊ ဂျူးနှင့် ဘုရားမဲ့ဝါဒီ “ATHEISTS” များသည်လည်းကောင်း ဤအချက်ကို သက်ရှိထင်ရှားသက်သေခံလျက်ရှိကြပေသည်။ ယင်းဒေသတို့ရှိ ဘာသာအသီးသီးတို့၏ ကိုးကွယ်ရာဘုရားကျောင်းကန်၊ စေတီ၊ ပုထိုး၊ ဝတ်ကျောင်းတော်အမျိုးမျိုးတို့ကလည်း ရုပ်ပိုင်းဆိုင်ရာအဖြစ် သက်သေခံနေပါသည်။ ကမ္ဘာပေါ်တွင် မွတ်စလင်ဦးရေ အများဆုံးရှိသည့် အင်ဒိုနီးရှားနိုင်ငံမှ ဗောရောဗုဒေါစေတီအပါအဝင် ဟိန္ဒူဘုရားကျောင်းနှင့် ဗုဒ္ဓဘာသာသာသနိက အဆောက်အအုံတို့ကလည်း နှောင်းခေတ်မွတ်စလင်တို့၏ ဘာသာခြားတို့အပေါ် သဘောထားကို ထင်ဟပ်ပေါ်လွင်စေနိုင်ပါသည်။

ဆရာသန့်စင်မွန် ဘာသာပြန်ဆိုသည့် “အယူကွဲပြား ညီနောင်များနှင့်ဆက်ဆံရေး”ကျမ်းငယ်မှာ ယခုမျက်မှောက်ကာလတွင် အထူးလိုအပ်နေသောကွက်လပ်တစ်ခုအား ဖြည့်လိုက်ခြင်းမည်ပါသည်။ အစ္စလာမ်သာသနာအပေါ် အသိမှားပြီး လွဲချော်စွာအမိပ္ပာယ်ကောက်ယူနေသူများအတွက် ဉာဏ်မျက်စိအလင်းကို ဖွင့်ပေးမည့်ကျမ်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

အလ်ဟာဂျ်ခလီဖ္ဖာဦးအေးလွင် M.Sc(F-1)
(ကာဒရီယာ၊အာလီယာ) ၂၅-၆-၂၀၀၂

بِسْمِ اللَّهِ الرَّحْمَٰنِ الرَّحِيمِ

# အလ်ဟာဂျ်ဝါးခယ်မမောင်မင်းနိုင်၏ အမှာစာ

အစ္စလာမ်၏ မူရင်းကျမ်းဖြစ်သော ကုရ်အာန်ကျမ်းတော်မြတ်နှင့် တမန် တော်မုဟမ္မဒ်(ﷺ)၏ သွန်သင်ချက်တို့ကို လေ့လာကြည့်ပါ။ တမန်တော်မြတ် ကြီးနှင့် ကိုယ်တော်၏ နောက်လိုက်များသည် ငြိမ်းချမ်းရေးမေတ္တာကရုဏာနှင့် သဘောထားကြီးမှုတို့ကို အခြေပြုထားကြပုံကို တွေ့ကြရပါမည်။

တမန်တော်မြတ်၏ အောက်ပါဩဝါဒတော်ကို လေ့လာကြည့်ပါသော် အစ္စလာမ်သည် ငြိမ်းချမ်းရေးဖြစ်၏။ တစ်နည်းဆိုရပါသော် အစ္စလာမ်၏ ကနဦးရှေ့ပြေးလိုအပ်ချက်လည်း ငြိမ်းချမ်းရေး ပင်ဖြစ်၏။

"မွတ်စလင်ဟူသည် မိမိ၏နှုတ်လျှာနှင့်လက်အားဖြင့် လူတို့အား ဘေးကင်းလုံခြုံမှုပေး သူမည်၏"

အလ္လာဟ်၏ဂုဏ်တော်တစ်ပါးမှာ အဆ်ဆလာမ့(ကုရ်အာန် ၅၉း၂၃)ဖြစ်ပေရကား အဓိပ္ပာယ်မှာ အလ္လာဟ်ရှင်ကိုယ်တော်တိုင်သည်လည်း ငြိမ်းချမ်းရေးပင်ဖြစ်သည်။ ကုရ်အာန်က ပြညွှန်သည်မှာ လည်း ငြိမ်းချမ်းရေးလမ်းစဉ် များ The paths of peace ဖြစ်သည်။ *(ကုရ်အာန် ၅း၁၆)*

ဂျန္နသ်သုခဘုံသည်လည်း ငြိမ်းချမ်းရေးဗိမာန် Home of Peace ပင်ဖြစ် သည်။

*(ကုရ်အာန် ၁၀း၂၅)*

ဂျန္နသ်သုခဘုံ သားတို့သည် တစ်ဦးကိုတစ်ဦး "ငြိမ်းချမ်းမှု" ဖြင့် နှုတ်ခွန်း ဆက်သကြရမှာ ဖြစ်သည်။ ဂျန္နသ်သုခဘုံသားတို့၏ လူမှုယဉ်ကျေးမှုသည် ငြိမ်းချမ်းရေးကို အခြေပြုထားသည်။

အစ္စလာမ်၏ အစစ်အမှန်ပုံရိပ်သည် ငြိမ်းချမ်းရေးဒဿန Idealogy of Peace အပေါ်မှာ အခြေပြုထားပါသည်။

တမန်တော်မုဟမ္မဒ်(ﷺ)သည် အေဒီ ၆၁၀ပြည့်နှစ်မှာ နဗုဝသ်ရရှိခဲ့သည်။ ထိုစဉ်က တမန်တော်မြတ်မှ လွဲလျှင် အားလုံးပင် မွတ်စလင်မဟုတ် သူများဖြစ်ကြပါသည်။ ကိုယ်တော်သည် သူတို့ထံသို့ သတင်းသဝဏ်ကို တင်ပြခဲ့ရာတွင် ဘယ်တုန်းကမှ "အို ကာဖရ်တို့" ဟူ၍ သုံးနှုန်းခြင်း မရှိပါ။ "လူသားတို့" သို့မဟုတ် "အို လူထုကြီး" ဟူ၍ ခေါ်ဆိုခဲ့သည်။ ကိုယ်တော်၏ဘဝတစ် လျှောက် လုံးတွင် မိန့်ခွန်းမြွက်ကြားခဲ့ရာမှာလည်း ဤအသုံးအနှုန်းကိုသာ လက်ကိုင်ပြုသွားခဲ့သည်။

ကိုယ်တော်အပိုင်ရာမှာ အစ္စလာမ့်ဘောင်အတွင်းသို့ဝင်ရောက်မလာသူတို့သည်လည်း လူသားစင်စစ်ပင် ဖြစ်သည်ဟု မှတ်ယူထားတော်မူခဲ့သည်။

ကုရ်အာန်ကိုကြည့်လျှင်လည်း လူ့အစုအဝေးများအကြောင်း၊ အုပ်စုများအကြောင်းကို ရည်ညွှန်း ပြောဆိုထားရာမှာလည်း ထိုခေတ်ထိုကာလက အခေါ်အဝေါ်အသုံးအနှုန်းအတိုင်းသာ ပြောဆိုသုံးနှုန်း ထားသည်ကို စံနမူနာများစွာ တွေ့ရှိနိုင်ပါသည်။ ကုရ်အာန်ကဏ္ဍအမှတ်(၁၀၅)တွင် ယီမင်ထဲမှ မွတ်စလင်မဟုတ်သော ဘုရင်အာဗရာဟာအကြောင်းကို ဆိုထားရာမှာ သူ့ကို ယီမင်မှ ကာဖရ် ဘုရင်ဆိုပြီးသုံးနှုန်းမထားချေ။ ''ဆင်များရှင်''ဟုသာသုံးနှုန်းထားသည်။

အစ္စလာမ်အရ မွတ်စလင်မဟုတ်သောသူများသည်လည်း အင်စာန် လူသားတို့ပင်ဖြစ်သည်။ လူလိုမြင်ပြီး လူလိုတန်ဖိုးထားသည့် အဆုံးအမဝါဒ ပင်ဖြစ်သည်။

တမန်တော်မြတ်၏ဩဝါဒတော် တစ်ပါးရှိပါသည်။ အထူးဆင်ခြင် အပ်ပါသည်။

''လူတစ်ဦးကို မဟုတ်မတရား ကာဖရ် သို့မဟုတ် ဖာစီက်(ဒုစရိုက်ကျူး သူ)ဟုခေါ်ဆိုခဲ့ သည်ဆိုအံ့။ ထိုအခေါ်အဝေါ်သည် ခေါ်ဆိုသူဘက်သာပြန်ထိ တတ်သည်''ဟူ၏။

ကျမ်းမြတ်ကုရ်အာန်အရ ဘာသာတရားအယူဝါဒမျိုးစုံရှိနေရသည်ကပင် အလ္လာဟ်အရှင်မြတ် က လိုလားတော်မူ၍ဟု သိရသည်။ လုပ်နိုင်စွမ်းအားရှိပါ လျက်နှင့်လည်း တစ်ကမ္ဘာလုံးမှာ ဘာသာ တရားတစ်ခုသာ ရှိစေရမည်ဟု ပြဋ္ဌာန်းထားတော်မမူချေ။ ဘာသာ အယူဝါဒမှာ အဓမ္မမှု မရှိစေရဟုပင် အတိအလင်းဆိုထားသည်။

ဆရာသန့်စင်မွန်၏စာအုပ်ကငြိမ်းချမ်းရေးကို လက်ကိုင်ပြုထားသော မွတ်စလင်မှန်လျှင် ''လူ ကို လူလိုသာမြင်တတ်ကြရေးနှင့် ဘာသာအယူဝါဒ ရေးရာမှာ သဘောထားကြီးကြီးထားအပ်ပုံကို မီး မောင်းထိုးပြသည်။

ခေတ်ကာလလိုအပ်ချက်ကို ဖြည့်ဆီးပေးသည်။ အချိန်အခါနှင့်အလိုက် အံဝင်ခွင်ကျ ရှိလှ သည်။ အယူမသန့်ဘဲ အယူမှန်ရေးကို တူရူပြုသည်။

မြန်မာ့မြေမှ မွတ်စလင်များအတွက်သာမက ဘာသာဝင်အသီးသီး အတွက်ပါ အကျိုးဖြစ်ထွန်း စေမည့် စာကောင်းတစ်အုပ်ဟု ဆိုပါရစေလား။

ဝါးခယ်မမောင်မင်းနိုင်
အစ္စလာမစ်အကယ်ဒမစ်စင်တာ
၂၀၁၂၊ ဇွန် ၁၅။

بِسْمِ اللّٰهِ الرَّحْمٰنِ الرَّحِيْمِ

# ပြန်ဆိုသူ၏ အမှာစာ

အစ္စလာမ်တည်းဟူသော ငြိမ်းချမ်းရေးအစစ်အမှန်ကို တမန်တော်မြတ် မုဟမ္မဒ်(ဆွ)သည် လက်တွေ့ရုပ်လုံးဖော်ပြခဲ့ပါသည်။

အစ္စလာမ်တရားသည် အယူကွဲပြားသော ဘာသာခြားညီနောင်များကို မည်သို့ဆက်ဆံရန် ညွှန်ကြားထားကြောင်း ကုရ်အာန်၊ ဟဒီးစ်ဟူသည့် အမြတ်တရားများမှ ကောက်နုတ်၍ တင်ပြထားသော မုစ်လင်မ်ပညာရှင် တစ်ဦးဖြစ်ပြီး မုစ်လင်မ်ကမ္ဘာတွင် နေလိုလလို ထွန်းတောက်နေသည့် သုတေသီပညာရှင် ခေတ်သစ်ဖွေကာ(ဓမ္မသတ်)ပညာရှင်ဟဇရသ်မောင်လာနာ ခါလစ်ဒ် စိုင်ဖွလ္လာဟ်(ရဟ်မာနီ)၏ "မုစ်လင် မဟုတ်သော ညီနောင်များနှင့် ဆက်ဆံရေး- အစ္စလာမ့်လမ်းညွှန်ချက်"စာအုပ်ကို ဆီလျော်အောင် မြန်မာမှု ပြုပြန်ဆိုလိုက်ရပါသည်။

၎င်းစာအုပ်သည် ဘာသာပေါင်းစုံချစ်ကြည်ရေးကို ထောက်ခံအားပေးသည့်အပြင် အယူမတူသူတို့အပေါ် အစ္စလာမ်၏ သဘောထားပကတိအရှိတတရားများကို လှစ်ဟပြသထားသည်။

၎င်းစာအုပ်တွင်

- ✔ ဘာသာအတွင်းသို့ အဓမ္မရိုက်သွင်းခွင့်မရှိခြင်း၊
- ✔ မိမိယုံကြည်ရာကို လွတ်လပ်စွာ ကိုးကွယ်/ငြင်းပယ်ပိုင်ခွင့်ရှိခြင်း၊
- ✔ အခြားဘာသာဝင်တို့၏ ကိုးကွယ်ရာများကို မလေးမစား မပြုလုပ်ရန် တားမြစ်ထားခြင်း၊
- ✔ အခြားဘာသာဝင်တို့၏ သာသနိက အဆောက်အအုံများကို ဖျက်ဆီးမှု မခံရအောင် ကာကွယ်ရန် မွတ်စလင်တို့အပေါ် တာဝန်ရှိခြင်း၊
- ✔ အခြား ဘာသာဝင်တို့၏ အကြီးအကဲများကို မလေးမစား မပြုလုပ်ရန် တားမြစ်ထားခြင်း၊

✔ မိုးတွင်းနေထိုင်ရာ တိုင်းပြည်အပေါ် သစ္စာထားရှိရခြင်း စသည့် အချက်အလက်များပါဝင်ပါသည်။

ထို့ကြောင့် ဤစာအုပ်ကို လေ့လာခြင်းဖြင့် အစ္စလာမ့်ပကတိအလှတရားကို တွေ့မြင်ပြီး လက်တွေ့လိုက်နာခြင်းဖြင့် ဘာသာမတူညီနောင်အချင်းချင်း ရွှေလက်မြဲမြဲတွဲ၍ ချစ်ကြည်ရင်းနှီးစွာဖြင့် နိုင်ငံ့အကျိုး၊ လောကလူသားတို့အကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါသည်။ ။

လေးစားစွာဖြင့်

သန့်စင်မွန်

**လူ့ဇါဂုဏ်အင်**

☞ လူနှင့်လူချင်း
စိတ်ရိုင်းပင်းက
သတင်းမွှေးပျံ့လှပါမည်။

☞ လူကိုလူက
မစောင်မလျှင်
လောကရက်ဖွယ်ဖြစ်ပါမည်။

☞ လူသည်လူ၏
လူ့အသိဖြင့် လူ၏သိက္ခာ
လူ့အလွှာ၌ လူသာပဓာန
လူ့ဓမ္မကို လူကဆင်ခြင်
စောင့်ရှောက်လျှင်မူ
ကောင်းကင်မိုးမြေအသချေတိုင်
ကျက်သရေမင်္ဂလာရှိပါမည်....။

**သန့်စင်မွန်**

بِسۡمِ ٱللَّهِ ٱلرَّحۡمَٰنِ ٱلرَّحِيمِ

# နိဒါန်း

အစ္စလာမ်သည် တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော ပြီးပြည့်စုံသည့် ဘာသာတစ်ခုဖြစ်သည်။ လူ့ဘဝအခန်းကဏ္ဍအသီးသီးအတွက် လမ်းညွှန်မှုပေးသည်။ လူသားကို ဖန်းဆင်းရှင်နှင့် ဆက်သွယ်ပေးသည်။ မုစ်လင်တစ်ဦးကို အခြားမုစ်လင်တစ်ဦးနှင့် ညီနောင်ဖွဲ့ပေးသည်။ လူ့ကျင့်ဝတ်တရားကို လူ့အသိုင်းအဝိုင်းအသီးသီးတွင် ပုလဲကုန်းပမာညီညာလှပစွာ သိကုန်းပေးသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ဘာသာတစ်ခုနှင့်တစ်ခုကို အပြန်အလှန် လေးစားတန်ဖိုးထားစေသည်။

ထို့ကြောင့် ကျွန်တော်သည် ကုရ်အာန်နှင့် ဟဒီးစ်ကို အခြေခံ၍ မုစ်လင်နှင့် ဘာသာခြားညီနောင်များအကြား အပြန်အလှန်လေးစားတန်ဖိုးထားရမည်ဆိုသည့်အချက်ကို တင်ပြပါမည်။

ယနေ့ကမ္ဘာ့သတင်းမီဒီယာလောကတွင် အစ္စလာမ်ဘာသာ၊ မုစ်လင်လူ့အဖွဲ့အစည်းနှင့် ဆန့်ကျင်၍ အနောက်တိုင်းသားတို့က မဟုတ်မမှန်ဝါဒဖြန့်ချိနေကြပါသည်။ အခြားတစ်ဖက်တွင်လည်း အဖိနှိပ်ခံမုစ်လင်တို့၏ မလွှဲမရှောင်သာ ထွက်ပေါက်ရှာရသော ဖြစ်ရပ်များ၊ ခုခံတော်လှန်မှုများကြောင့် မုစ်လင်နှင့် မုစ်လင်မဟုတ်သူ ညီနောင်များအကြား နားလည်မှုကွာဟနေပါသည်။ ဤဖြစ်ရပ်၏ ပကတိအဖြစ်မှန်ကို မှန်ကန်စွာ ချဉ်းကပ်နိုင်ရန် ကျွန်တော်၏ မိတ်ဆွေဒေါက်တာအစ်သရုလ်ဝါစေအ်(ဥက္ကဋ္ဌ၊ အစ္စလာမ့်ရေးရာဌာန၊ မိလ္လိယာတက္ကသိုလ်၊ ဒေလီ)နှင့် ကျွန်တော်၏ ချစ်နောင်တော်လူငယ်ပညာရှင် မော်လာနာဖဟီဟ်အစ်သရ်(ပညာရေးတာဝန်ခံ၊ အစ္စလာမ့်ရေးရာဌာန၊ ဖေကာဟ်အကယ်ဒမီ၊ အိန္ဒိယ)တို့၏ တိုက်တွန်းမှုကြောင့် မုစ်လင်နှင့် ဘာသာခြားညီနောင်များဆက်ဆံရေးခေါင်းစဉ်ဖြင့် ဟောကြားခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ဤဟောပြောပွဲတွင် အများအားဖြင့် တက္ကသိုလ်ဆရာ၊ ဆရာမများ၊ အစ္စလာမ့်ရေးရာလေ့လာသူ ကျောင်းသား/သူများ၊ ဘာသာရေးပညာရှင် အသိုင်းမှ ပညာရှင်များတတ်ရောက်ခဲ့ပြီး မိလ္လိယာတက္ကသိုလ်ဒုတိယအုပ်ချုပ်ရေးမှူး ရှဟာစ်ဒ်က သဘာပတိအဖြစ်ဆောင်ရွက်ခဲ့ပါသည်။ ဟောပြောပွဲအပြီး အမေးအဖြေအစီအစဉ်ပြုလုပ်ပြီးနောက် ဤဟောပြောချက်ကို တက္ကသိုလ်မှ အူရဒူ၊ အင်္ဂလိပ်၊ ဟင်ဒီဘာသာတို့ဖြင့်လည်း ဖြန့်ချိမည့်အကြောင်း ကြေညာခဲ့ပါသည်။

ယခု ဤဟောပြောချက်၏ အနှစ်ချုပ်ကို စာအုပ်အဖြစ်ပေါ် ထွက်လာပြီဖြစ်ရာ အလ္လာဟ်အရှင်မြတ် အကျိုးဖြစ်ထွန်းစေတော်မူပါ။

ယခုခေတ်အခါသမယတွင် မိမိတို့၏ ဘာသာရေးဆိုင်ရာယဉ်ကျေးမှုများကို ထိန်းသိမ်းရန် တာဝန်ရှိသကဲ့သို့ အခြားဘာသာဝင်များ၏ ယဉ်ကျေးမှုများကိုလည်း ထိန်းသိမ်းရန် တာဝန်ရှိသည်။ လူသားမျိုးနွယ်အချင်းချင်းညီနောင်ဖွဲ့၍ ဘာသာခြားများနှင့်လည်း ကုရ်အာန်၊ ဟဒီးစ်နှင့်အညီ တစ်နည်းအစ္စလာမ့်အဆုံးအမနှင့်အညီ ဆက်ဆံကြရပေမည်။

ကျွန်တော်တို့က သစ္စာရှိစွာ ဆက်ဆံတတ်ပါမှ အလ္လာဟ့်သာသနာကို အလ္လာဟ်၏ဖန်ဆင်းခံ လူသားနှင့် ချိတ်ဆက်ပေးနိုင်ခွင့်ရရှိမည်ဖြစ်သည်။ ဤသို့ ဖြန့်ချိနိုင်မှသာ ကျွန်ုပ်တို့၏ ဒအ်ဝသ်ဖြန့်ချိနိုင်မှုဆောင်ရွက်နိုင်မည်ဖြစ်သည်။ မုစ်လင်မ်ဟူသည် သစ္စာတရားကို ဖိတ်ခေါ်၍ လူမျိုးအသီးသီးမျိုးနွယ်အသွယ်သွယ်အား အစ္စလာမ့်တရားဓမ္မကို ပြသရသူဖြစ်သဖြင့် ဧည့်ဝတ်ကျေပွန်စေရန် အရေးကြီးသည်။ ကြုံဆိုလိုရာတွင် မိခင်ရင်းက ပျောက်ဆုံးနေသော ရင်သွေးကို ပြန်တွေ့လိုက်ရခြင်းဖြင့် ဝမ်းသာမဆုံးဖြစ်သကဲ့သို့ မေတ္တာစေတနာတို့ဖြင့် လူမျိုးနွယ်အသီးသီးကို အစ္စလာမ်နှင့် မိတ်ဆက်ပေးကြပါစို့။

*ခါလစ်ဒ်စိုင်ဖွလ္လာဟ်(ရဟ်မာနီ)*
အလ်မအ်ဟဒွလ်အာလီအလ်အစ္စလာမီ
(ဟိုင်ဒရာဗာဒ်မြို့၊ အိန္ဒိယ/၁၆-၇-၂၀၀၄)

# ကမ္ဘာ့လူသားထုတစ်ရပ်လုံးသည် တစ်ခုတည်းသော မိသားစုဝင်များဖြစ်

အလ္လာဟ်အရှင်မြတ်က ကုရ်အာန်ကျမ်းမြတ်တွင် လူသားအပေါင်းတို့သည် တစ်မိတစ်ဖထဲမှ ဆင်းသက်လာသော ကမ္ဘာ့မိသားစုကြီးဖြစ်ကြောင်း ဤသို့ မိန့်ကြားထားသည်။

"အို လူသားအပေါင်းတို့၊ အသင်တို့သည် မိမိအား ဖန်ဆင်းမွေးမြူ ပျိုးထောင်တော်မူသော အရှင်မြတ်ကို ရိုသေခန့်ညားကြလေကုန်။ ထိုအရှင်မြတ်သည် အသင်တို့အား အသက်တစ်ချောင်းတည်းမှပင် ဖန်းဆင်းတော်မူခဲ့သည်။ ထို အသက်တစ်ချောင်းတည်းမှပင် ၎င်း၏ ကြင်ရာကြင်ဖက်ကိုလည်း ဖန်ဆင်းတော်မူခဲ့သည်။ ၎င်းနောက် ထိုလူသားနှစ်ဦးတို့မှ များပြားလှစွာသော ယောကျ်ားမိန်းမတို့ကို ပျံ့ပွားစေတော်မူခဲ့သည်။" *(ကုရ်အာန်ကျမ်း ၄ း ၁)*

"အို လူသားအပေါင်းတို့ ငါအရှင်သည် အသင်တို့ကို တစ်မိတစ်ဖတည်းမှ စတင်၍ဖန်ဆင်းတော်မူသည်။ ထို့နောက် အသင်တို့အချင်းချင်း သိကျွမ်းရန် ချစ်ကြည်ရန် အသင်တို့ကို လူမျိုးအသီးသီး၊ မျိုးနွယ်အဖုံဖုံ ပြုလုပ်ထားတော်မူသည်။ (ကောင်းစွာနာယူမှတ်သားကြလေကုန်) အသင်တို့အနက် အကောင်းဆုံးနှင့် အမွန်မြတ်ဆုံးသူမှာ ငါ့အား အများဆုံး ရိုသေခန့်ညားသူပင်ဖြစ်သည်" *(ကုရ်အာန်ကျမ်း ၄၉ း ၁၃)*

အစ္စလာမ့်အဆုံးအမအရ လူသားမျိုးနွယ်တစ်ခုလုံးသည် ကမ္ဘာ့မိသားစုဝင်များဖြစ်ကြသည်။ သစ်တစ်ပင်မှ အပွင့်အခက်အရွက်အသီးများပမာ

ဖြစ်သည်။ လူသားတိုင်း၊ မျိုးနွယ်တိုင်းသည် လူသားတိုင်း၏ ညီအစ်ကို မောင်နှမများဖြစ်ကြသည်။ ညီအစ်ကိုမောင်နှမတိုင်းသည် ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြရမည်ဖြစ်သည်။ သို့ပါ၍ ကျွန်ုပ်တို့၏ နှလုံးသားထဲတွင် လူသားတိုင်းကို ချစ်ကြည်ရင်းနှီးစွာ တန်ဖိုးထားဆက်ဆံရမည်။

စာဆိုရှင် စာဒီက ဤသို့ ဆိုထားသည်။

" အာဒမ်၏ သားသမီးများအနက် အချို့သည် အချို့ထက် နိမ့်ကျလင့်ကစား အချင်းချင်းတစ်ဦးသည် အခြားတစ်ဦး၏ ခန္ဓာကိုယ်၏ အစိတ်အပိုင်းများဖြစ်သည်။ အစိတ်အပိုင်းတစ်ခုတွင် နာကျင်မှုဖြစ်ပေါ်လာသော် အခြားအစိတ်အပိုင်းများတွင်လည်း ချမ်းမြေ့မှုမရှိနိုင်ပေ"။

## မြင့်မြတ်သော လူ့ဂုဏ်

လူသားအချင်းချင်း ချစ်ကြည်မြတ်နိုးခြင်း၊ တန်ဖိုးထားလေးစားခြင်းသည် လူ့ကျင့်ဝတ်တရားအစစ်ဖြစ်သည်။

"လူသားသည် အလ္လာဟ်အရှင်မြတ်၏ ဗိမ္ဗာန်တော်ဖြစ်သည်။ အလ္လာဟ်အရှင်မြတ်၏ ဗိမ္ဗာန်တော်ကို ဖြိုဖျက်သူသည် အလ္လာဟ်ဂိုဏ်းသင့်မည်"

*(တမန်တော်မိန့်ခွန်း)*

အလ္လာဟ်အရှင်မြတ်က လူသားတိုင်းကို လေးစားအလေးထားကြရန် ညွှန်ကြားထားသည်။

"ကေန်မလွဲ ငါအရှင်မြတ်သည် လူသားများကို ဂုဏ်သိမ်ထူးကဲမြင့်မြတ်စေတော်မူခဲ့လေသည်" *(ကုရ်အာန်ကျမ်း ၁၆ : ၇၀)*

လူသားသည် ရုပ်ပိုင်းဆိုင်ရာအရလည်း တန်ဖိုးထားထိုက်သူဖြစ်သည်။

"ကေန် ငါအရှင်မြတ်သည် လူသားကို အကောင်းဆုံးပုံသဏ္ဌာန်၌ ဖန်ဆင်းထားတော်မူသည်။" *(ကုရ်အာန်ကျမ်း ၉၅ : ၂)*

ဤထူးကဲသော ဂုဏ်သိမ်သည် လူသားမျိုးနွယ်တစ်ရပ်လုံးနှင့် သက်

ဆိုင်သည်။ မှစ်လင်မ်ဖြစ်ခြင်း၊ မဖြစ်ခြင်းနှင့် လုံးဝမသက်ဆိုင်ပါ။ တမန်တော် မြတ်ကလည်း လူသားတိုင်းသည် တန်ဖိုးထားဂုဏ်ပြုထိုက်သူများဖြစ်ကြောင်း ဤသို့ လက်တွေ့ကျင့်မှုပြသခဲ့သည်။

(၁) တစ်နေ့ ရဟူဒီဘာသာဝင်တစ်ဦး၏ ရုပ်အလောင်းကို ပို့ဆောင်နေသည်ကို တွေ့မြင်ရချိန် မတ်တပ်ရပ်၍ဂါရဝပြုသည်။

ထိုအခါ တပည့်များက 'အို ကိုယ်တော် ဤရုပ်ကလပ်မှာ ရဟူဒီ၏ ရုပ်ကလပ်ဖြစ်ပါသည်ဟုလျှောက်တင်ရာ တမန်တော်မြတ်က ဤသည် သက်ရှိသောလူတစ်ဦး၏ ရုပ်ကလပ်မဟုတ်ပါလောဟု မွက်ကြားတော်မူခဲ့သည်။

(၂) အဟ်ဇာဗ်ခုခံစစ်တွင် ဘာသာခြား(မုရှ်ရိက်)တစ်ဦး မှစ်လင်မ်တို့၏ လက်ချက်ဖြင့် ကျဆုံးခဲ့သည်။ မက္ကာဟ်သားတို့က အခကြေးငွေယူ၍ ရုပ်ကလပ်ကို လွှဲပြောင်းပေးလိုသည်။ သို့သော် တမန်တော်မြတ်က အခကြေးငွေလုံးဝမယူဘဲ သက်ဆိုင်သူတို့ကို ပေးအပ်လိုက်သည်။ လူ့ရုပ်ခန္ဓာသည် အလွန်ပင် တန်ဖိုးကြီးမားသည်။ တစ်နည်း တန်ဖိုးမဖြတ်နိုင်။ ဤသို့ ရောင်းစားခြင်းဖြင့် လူ့ဂုဏ်သိက္ခာကို ချိုးနှိမ်ရာကျသည်ဟု မွက်ကြားတော်မူသည်။

အစ္စလာမ့်တရားတော်က လူကို တန်ဖိုးဖြတ်ရောင်းချခြင်း၊ လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုကို ရောင်းချခြင်း၊ ယုတ်စွအဆုံး လူ့ခန္ဓာမှ စွန့်ပစ်သော ဆံပင်နှင့် လက်သည်းခြေသည်းဖြတ်စများကိုပင် ရောင်းချပိုင်ခွင့်မရှိ၊ ဤသို့ဖြင့် အစ္စလာမ့်တရားက လူကုန်ကူးမှုနှင့် လူ့ခန္ဓာအစိတ်အပိုင်းမှ မည်သည့်အစိတ်အပိုင်းကိုမျှ ရောင်းချခြင်းကိစ္စရပ်များကို ပြင်းထန်စွာ တားမြစ်ထားကြောင်း ထင်ရှားပါသည်။

(၃) အစ္စလာမ်သာသနာမထွန်းကားမီက တိုက်ပွဲများ၌ အောင်မြင်သူတို့က ကျဆုံးသူတို့၏ ခန္ဓာကိုယ်အစိတ်အပိုင်းများကို ဖြတ်တောက်သီကုံး၍ လည်ဆွဲအဖြစ် ဆွဲကြခြင်း၊ သေသူတို့၏ ရုပ်အလောင်းပေါ်တွင် အောင်ပွဲခံသည့်အနေဖြင့် သောက်စားမူးယစ်ကခုန်ကြသည်။

အစ္စလာမ်တရားက တတ်နိုင်သမျှ စစ်ပွဲကိုရှောင်ကျဉ်ရန်နှင့် မလွှဲမရှောင်သာ၍ စစ်မက်ဖြစ်ပွားရပါကလည်း ယဉ်ကျေးသူတို့၏ ဂုဏ်အင်ဖြင့်နှင့်အညီ ပြုမူကြရန်၊ ကျဆုံးသော ရန်သူ၏ ရုပ်အလောင်းကို ဖြတ်တောက်ဖျက်ဆီးခြင်းမပြုရန် အထူးဆုံးမညွှန်ကြားတော်မူသည်။

ရန်သူတို့၏ ရုပ်အလောင်းမှ အစိတ်အပိုင်းများကို ဖြတ်တောက်၍ ရုပ်ပျက်ဆင်းပျက်ဖြစ်စေခြင်းသည် လူ့ကျင့်ဝတ်တရားနှင့်လားလားကြီး ဆန့်ကျင်ကြောင်း အလေးအနက်ထား၍ မိန့်ကြားတော်မူသည်။

တမန်တော်မြတ်နှင့် တပည့်ဆွဟာဗာများကိုယ်တိုင် အအေးဒဏ်၏ ကြံကြံခံ၍ ရန်သူသုံ့ပန်းများကို ဝတ်ရုံများနှင့် စောင်များ ချီးမြှင့်တော်မူခဲ့သည်။ တမန်တော်မြတ်ကလည်း ကိုယ်နှစ်သက်သောအရာကို အခြားသူအတွက် မနှစ်သက်သမျှကာလပတ်လုံး 'မုအ်မင်န်' ပြည့်ဝစွာယုံကြည်သူ မဖြစ်နိုင်ဟု မြွက်ကြားထားသည်။

အစ္စလာမ့်တရားက မုစ်လင်မ်မဟုတ်သူများကို ချိုးနှိမ်ခြင်းမပြုဘဲ အပြန်အလှန်လေးစားမှုထားရှိရန် ညွှန်ကြားထားသည်။

## ကာဖိရ်ဟူသော ဝေါဟာရ

အချို့နားလည်မှုလွဲမှားသူတို့က 'ကာဖိရ' 'ဇင်မ္မီ' စသည့်စကားလုံးများသည် စော်ကားသော စကားလုံးများဟု ထင်မှတ်နေပါသည်။ ဤသည် ပကတိအရှိတရားကို နားလည်မှုလွဲမှားနေခြင်းဖြစ်သည်။

ကျမ်းမြတ်ကုရ်အာန်တွင် ကာဖိရ်ဟူသည့် စကားရပ်ကို ငြင်းပယ်ဖီဆန်ခြင်းဟူသည့် အနက်ပေးသုံးနှုန်းထားသည်။

"၎င်းတို့သည် အလ္လာဟ်အရှင်မြတ်ကိုလည်းကောင်း၊ နောင်တမလွန်ဘဝကိုလည်းကောင်း မယုံကြည်သွေဖည်ငြင်းပယ်သူများပင် ဖြစ်ကြကုန်၏"

*(ကုရ်အာန် ၁၂:၃၇)*

မက္ကာသားတို့အား တမန်တော်မြတ်၏ ဖိတ်ခေါ်ခြင်းကို လက်မခံသည့်အတွက်လည်း ၎င်းတို့ကိုယ်တိုင်က 'ကာဖိရ်'ဟူသည့် စကားလုံးကို ငြင်းပယ်ခြင်းအဖြစ် အသုံးပြုခဲ့သည်။

၎င်းတို့က "ဧကန်စင်စစ် ကျွန်ုပ်တို့သည် အသင်တို့ ယူဆောင်ခဲ့ကြသော တရားဓမ္မကို ယုံကြည်သူများမဟုတ်"ဟု ပြောဆိုကြကုန်၏။

*(ကုရ်အာန် ၄၃:၂၄)*

တဖန် တမန်တော်များ၏ အဆုံးအမကို ငြင်းပယ်သူများကိုလည်း 'ကာဖိရ်' ဟူသည့် ဝေါဟာရကိုပင် သုံးနှုန်းထားသည်။

"၎င်းတို့က ဤသည် စုန်းမှော်အတတ်ပညာဖြစ်သည်။ ၎င်းပြင် ဧကန်မလွဲ ကျွန်ုပ်တို့သည် ဤသည်ကို ငြင်းပယ်သူများဖြစ်သည်ဟု ပြောဆိုခဲ့ ကြကုန်၏။" *(ကုရ်အာန် ၄၃:၃၀)*

သို့ပါ၍ ကာဖိရ်ဟူသည် အလ္လာဟ်အရှင်မြတ်၏ တစ်ပါးတည်းတည်ရှိတော်မူကြောင်းနှင့် အစ္စလာမ့်အဆုံးအမများကို လက်မခံသောသူ (တစ်နည်း) မုစ်လင်မ်မဟုတ်သူများကို အင်္ဂလိပ်ဘာသာစကားဖြင့်ခေါ်ဆိုသည့် 'Non Muslim - မုစ်လင်မ်မဟုတ်သူ' ဟူသည့်စကားရပ်နှင့် အဓိပ္ပာယ်ချင်း အတူတူဖြစ်သည်။

ဤသို့ သုံးနှုန်းခြင်းနှင့် စပ်လျဉ်း၍ ကုရ်အာန်ကျမ်းမြတ်၌ အာယတ်တော်ပေါင်းများစွာရှိပါသည်။

ထိုခေတ်ရှိ မုစ်လင်မ်မဟုတ်သူများကို 'ကာဖိရ်'ဟုခေါ်ဆိုခဲ့ခြင်း အတွက် ထိုခေတ်အာရဗ်လောကရှိ ဘာသာခြားပညာရှင်များက 'ဒါငါတို့ကို စော်ကားမော်ကား ပြုတာပဲ'ဟု တုံ့ပြန်ခဲ့သည့် အထောက်အထားမတွေ့ရှိရပါ။

အစ္စလာမ့်တရားက ဤ'ကာဖိရ်'ဟူသော စကားရပ်ကို ချိုးနှိမ်သည့်သဘောထားဖြင့် သုံးနှုန်းခြင်းမျိုးကို ခွင့်မပြုပေ။ ဤအနက်အဓိပ္ပာယ်ကို နစ်နာစေလိုသည့် စကားရပ်အဖြစ် သုံးစွဲခဲ့သော် သုံးစွဲသူသည် အပြစ်ထိုက်သူဖြစ်ကြောင်း အစ္စလာမ့်ဥပဒေဖွေကာကျမ်းများတွင် ပြဋ္ဌာန်းထားသည်။

## ဇင်မ္မီဟူသည့် စကားရပ်၌ စော်ကားမှုမပါရှိ

အရဗီဘာသာစကား၌ 'ذمّي' ဇင်မ္မာဟူသည့် စကားလုံး၏ အနက်အဓိပ္ပာယ်မှာ 'ذمة'- ကတိပြုခြင်း၌ဖြစ်သည်။ 'ဇင်မ္မီ'ဟူသည် အစ္စလာမ်ဘာသာဝင်များက သူ၏ လုံခြုံရေးကို အပြည့်အဝကာကွယ်၍ တာဝန်ယူထားရခြင်းဖြစ်သဖြင့် အစ္စလာမ်အုပ်ချုပ်မှုအောက်တွင် မှီတင်းနေထိုင်သူကို 'ذمّي' ဇင်မ္မီဟု ခေါ်ဆိုခြင်းဖြစ်သည်။

ကမ္ဘာကျော်အရဗီအဘိဓာန်ကျမ်းတစ်ဆူဖြစ်သည့် لسان العرب ကျမ်း၌ ဇင်မ္မီဟူသော ဝေါဟာရကို ဤသို့ဖွင့်ဆိုထားသည်။

['ဇင်မ္မီ'ဟူသည် ၎င်းအား ကတိကဝတ်ပြုထားရသောသူ ဖြစ်သည်။]

ထို့အတူ ဘာသာဗေဒပညာရှင် အလ္လာမဟ်အစ်ဗ်နိုအစီရ်ကလည်း ဘာသာခြားလူနည်းစုတို့အား 'ဇင်မ္မီ'ခေါ်ဆိုရခြင်းအကြောင်းကို ဤသို့ရှင်းပြထားသည်။

"အဟ်လေဇင်မ္မာ ဟုခေါ်ရခြင်းမှာ ထိုသူများသည် မုစ်လင်တို့၏ ကတိကဝတ်တွင်ရှိပြီး သူတို့၏ လုံခြုံရေးကိစ္စအဝဝကို မုစ်လင်မ်တို့က အပြည့်အဝတာဝန်ယူထားရသောကြောင့်ဖြစ်သည်။"

× × × × ×

# ယဉ်ကျေးမှုဆိုင်ရာ ဆက်ဆံရေး

ထိုသူတို့သည် အသင်တို့အား 'ဒီန်'ဘာသာရေးကြောင့် တိုက်ခိုက်ခဲ့ကြသည်လည်းမဟုတ်ပေ။ အသင်တို့အား အသင်တို့၏ အိမ်များမှ နှင်ထုတ်ခဲ့သည်လည်းမဟုတ်ခဲ့ပေ။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား ထိုဘာသာခြားများအပေါ် ကျေးဇူးပြုခြင်းမှလည်းကောင်း မျှတစွာ ဆက်ဆံခြင်းမှလည်းကောင်း တားမြစ်တော်မူသည်မဟုတ်ပေ။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တရားမျှတသူတို့အား နှစ်သက်တော်မူ၏။

*(ကုရ်အာန်ကျမ်း ၆၀း၈)*

## မုစ်လင်မ်မဟုတ်သူများနှင့် ကောင်းမွန်စွာဆက်ဆံရန် ညွှန်ကြားချက်

၎င်းအာယတ်တော်က မုစ်လင်မ်မဟုတ်သူများနှင့် ဆက်ဆံရေးတွင် အခြေခံရမည့် အချက်များကို ညွှန်ကြားထားသည်။

မုစ်လင်တို့သည် မုစ်လင်မဟုတ်သူတို့ကို ကောင်းမွန်ပြေပြစ်စွာ ဆက်ဆံရမည်။ ကျေးဇူးပြုရမည်။ စစ်မှန်သော ဒီန်ကို လက်ခံနိုင်စွမ်းသည် အလ္လာဟ်အရှင်မြတ်ချီးမြှင့်တော်မူမှသာ ရရှိနိုင်မည်ဖြစ်သည်။ သို့ပါ၍ ၎င်းသို့ ဘာသာမတူခြင်းကို အကြောင်းခံ၍ အမုန်းပွားခြင်း၊ အပြစ်ဖွဲ့ခြင်း၊ မချေမငံ ဆက်ဆံရေးများကို မပြုရန်အစ္စလာမ်တရားက ညွှန်ကြားထားသည်။ မုစ်လင်မ်တို့သည် ဘာသာခြားညီနောင်များအပေါ် စိတ်ရင်းစေတနာကောင်းနှင့် ဆက်ဆံသည်နှင့်အမျှ ကောင်းမြတ်သောအကျိုးကို ရရှိမည်ဖြစ်သည်။

"ထိုသူတို့အား တရားလမ်းမှန်သို့ အရောက်ပို့ဆောင်ခြင်းသည် အသင်၏ တာဝန်မဟုတ်။ သို့ရာတွင် အလ္လာဟ်အရှင်မြတ်သည် မိမိနှစ်သက်သောသူကိုသာ အမှန်တရားသို့ အရောက်ပို့ဆောင်တော်မူသည်။

ထို့ပြင် အသင်တို့သည် မိမိပိုင်ပစ္စည်းဥစ္စာများအနက် မည်သည့် ပစ္စည်းကိုမဆို အလှူဒါနပြုကြကုန်အံ့။ အသင်တို့သည် အလ္လာဟ်အရှင်မြတ်၏ ကျေနပ်မှုကို ဆည်းပူးရန်အလို့ငှာသာ လှူဒါန်းပေးကမ်းကြလေကုန်။ အသင်တို့လှူဒါန်းကြကုန်သော အကျိုးကျေးဇူးများကို အသင်တို့သည် ပြည့်ဝစွာ ခံစားကြရကုန်အံ့။ မတရားပြုခြင်းကို ခံကြရမည်မဟုတ်။

(ကုရ်အာန် ၂ း ၂၇၂)

## အာယတ်တော် ထုတ်ပြန်ပို့ချတော်မူခြင်း နောက်ခံသမိုင်း

'အန်ဆွာရီ'ဟုမည်တွင်သော မဒီနာမြို့ခံ မုစ်လင်မ်များအနက် အချို့သည် မုစ်စလင်မ်မဟုတ်သော မိမိတို့နှင့် သားချင်းတော်စပ်သော ဆင်းရဲသားများအား ပေးကမ်းခြင်းမပြုကြချေ။ ယင်းသို့ မလှူဒါန်းမထောက်ပံ့ခြင်းအကြောင်းမှာလည်း ထိုသူဆင်းရဲများသည် ၎င်းတို့လိုအပ် မျှော်လင့်နေသည့် ဒါနကို တပ်မက်၍ အစ္စလာမ်ဘာသာသို့ ဝင်ရောက်လာလိမ့်မည်ဟု ယူဆသောကြောင့်ဖြစ်သည်။ ထိုအခါ အလ္လာဟ်အရှင်မြတ်ထံတော်မှ လူမျိုးဘာသာမရွေး ပေးကမ်းလှူဒါန်းရမည့်အကြောင်းနှင့် စပ်လျဉ်း၍ ဤမုကဒ္ဓပတ်တော် ကျရောက်လာလေသည်။

ဘာသာပြောင်းလာစေရန် အကြပ်ကိုင်ခြင်းသည် အလွန်ပင် သိမ်ဖျဉ်းရာရောက်ပါသည်။ ဘာသာပြောင်းလာစေရန် အကျပ်မကိုင်ရ၊ ဟေဒါယသ်တရားရခြင်းသည် အလ္လာဟ်အရှင်မြတ်နှင့်သာ သက်ဆိုင်သည့် ကိစ္စရပ်ဖြစ်သည်။ သို့သော် လူသားချင်းစာနာသည့် ကူညီပံ့ပိုးမှုသည် မိမိ ပြန်လည်ခံစားရမည့် အကျိုးတရားဖြစ်သည်။

တမန်တော်မြတ်နှင့် ဆွဟာဗာများသည် ကမ္ဘာတစ်သက်၊ လူ့ တစ်သက်တည်ရှိနေမည့် လူသားတို့အား ဤသို့ လက်တွေ့ကျင့်မှုပြခဲ့သည်။

တစ်နှစ် မက္ကာမြို့တွင် မိုးခေါင်ရေရှားအစာရေစာ မရှိ၊ ဝတ်မွတ် ခေါင်း

ပါးမှုကပ်ဆိုက်လာသောအခါ လူသေကောင်၏ အပုပ်ကောင်ကိုပင် စားသုံးနေရသည့်အချိန်။ ထိုမက္ကာသားတို့သည် နည်းမျိုးစုံဖြင့် တမန်တော်နှင့် ဆွဟာဗာ(မုစ်လင်များ)ကို ဒုက္ခပေးခဲ့သည့် ရန်သူများဖြစ်နေကြပါလျက်နှင့်ပင် ရန်သူဒုက္ခ ငါ့ဒုက္ခဟူသော ကိုယ်ချင်းစာတရားကို ရင်ဝယ်ပိုက်လျက် တမန်တော်မြတ်သည် ချို့တဲ့သည့်ကြားမှ မက္ကာမြို့ရှိ ခေါင်းဆောင်များဖြစ်ကြသည့် အဗူစွဖ်ယာန်၊ ဆွဖ်ဝါန်ဗင်အုမိုင်ယာတို့ထံ လူသားချင်းစာနာသည့် အထောက်အပံ့ပစ္စည်းများကို ပံ့ပိုးကူညီခဲ့သည်။ ဤခေါင်းဆောင်များသည် မုစ်လင်ဆန့်ကျင်ရေးလှုပ်ရှားမှုတွင် အတက်ကြွဆုံးခေါင်းဆောင်များ ဖြစ်ကြသည်။

တစ်နေ့ အုမရ်သခင်သည် မုစ်လင်မဟုတ်သူ အဖိုးအိုတစ်ဦး တောင်းရမ်းစားသောက်နေသည်ကို တွေ့မြင်ကာ ထိုအဖိုးအိုအတွက် 'ဗိုင်တွလ်မာလ်' အစ္စလာမ့်ဘဏ္ဍာတော်မှ လစဉ်ထောက်ပံ့ရန် အမိန့်ပြဋ္ဌာန်းလိုက်သည်။

"ကျွန်ုပ်သည် သင်ကျန်းမာစဉ်က 'ဂျဇ်ယာ'(လုံခြုံရေးအာမခံ) ကောက်ခံပြီး သင် နာမကျန်းဖြစ်နေစဉ် ဥပေက္ခာပြုထားလျှင် မည်သို့ တရားမျှတမည်နည်း"ဟု ဆိုသည်။

ဖေကာအစ္စလာမ့်ဥပဒေပညာရှင်တို့၏ ဆုံးဖြတ်ချက်မှာ 'ဆွဒကာ အေနာဖေလဟ်' အမျိုးအစားအလှူအစုစုတို့ကို မုစ်လင်မ်မဟုတ်သူတို့ကိုလည်း လှူဒါန်းနိုင်သည်။

ဟာနဖီမဇှဗ်၏ အလိုအရဆိုရသော် ဇကာသ်မှအပ အခြားသော 'ဆွဒ်ကာသေဝါဂျေဗဟ်'များကိုလည်း မုစ်လင်မ်မဟုတ်သူတို့အား လှူဒါန်းနိုင်သည်ဟူ၏။

## လူ့ဘဝကို တန်ဖိုးထားကာကွယ်စောင့်ရှောက်ခြင်း

ယဉ်ကျေးသိမ်မွေ့သော ဘဝဖန်တီးနိုင်ရန် ငြိမ်းချမ်းရေးသည် အလိုအပ်ဆုံးဖြစ်သည်။

ငြိမ်းချမ်းရေးသည် လုံခြုံသောဘဝကို ရရှိနိုင်သည်။ အသက်အိုးအိမ်စည်းစိမ်သိက္ခာတို့ကို ထိပါးစော်ကားခြင်း မခံရအောင် ပြည့်ဝသောကာကွယ်မှုပေးနိုင်ရမည့် ငြိမ်းချမ်းရေးမျိုးကို တည်ဆောက်ရမည်။

အစ္စလာမ့်ရှရီအတ်တရားက ဘာသာခြားတို့၏ အသက်အိုးအိမ် စည်းစိမ်နှင့်ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်သကဲ့သို့ ကာကွယ်စောင့် ရှောက်ရန်ဤသို့ ပြဋ္ဌာန်းချက်ချမှတ်ခဲ့၏။

"ဘာသာခြားတို့၏ သွေးသားသည် ငါတို့၏သွေးသားဖြစ်သည်။ သူတို့၏ ဥစ္စာ ပစ္စည်းသည် ငါတို့၏ဥစ္စာပစ္စည်းပမာဖြစ်သည်။"

ကုရ်အာန်ကျမ်းမြတ်ကလည်း လူ့အသက်တစ်ချောင်းကို အပြစ်မဲ့ သတ်ဖြတ်ခြင်းကို တားမြစ်ထားသည်။

"အလ္လာဟ်အရှင်မြတ်က တားမြစ်ထားသော အသက်ဇီဝိန်ကို မှန်ကန်သောအကြောင်းမရှိဘဲ သတ်ဖြတ်ခြင်းအမှုကို မကျူးလွန်ရ။"

*(ကုရ်အာန်ကျမ်း ၁၇ း ၃၃)*

အစ္စလာမ်တရားက မတရားသတ်ဖြတ်ခြင်းကို လေးလေးနက်နက် တားမြစ်ထားသည်။

သို့ရာတွင် သတ်မိန့်ချရန် ခိုင်လုံသောအကြောင်းဖြစ်ပေါ်လာပါက ချွင်းချက်ဖြင့် သတ်ဖြတ်သုတ်သင်ခွင့်ပြုထားသည်။

ခိုင်လုံသည့် ချွင်းချက်မရှိဘဲ သတ်ဖြတ်ခြင်းသည် ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို သတ်ဖြတ်ခြင်းဖြစ်သည်ဟု အတိအလင်းသတ်မှတ်ပြဋ္ဌာန်းထားသည်။

"ကေန်စင်စစ်မည်သူမဆို အကြင်သူတစ်ဦးအား အသက်တစ်ချောင်း၏အစားလည်းမဟုတ်၊ တိုင်းပြည်၌ ဆူပူသောင်းကျန်းမှုပြုလုပ်ခြင်းကြောင့်

လည်းမဟုတ်ဘဲ (မတရားသက်သက်)သတ်ဖြတ်ခဲ့ပါလျှင် ထိုသူသည် ကမ္ဘာ့လူသားထုတစ်ရပ်လုံးကို သတ်ဖြတ်ဘိသကဲ့သို့ဖြစ်သည်။

ထိုနည်းတူစွာ မည်သူမဆို သူတစ်ယောက်ကို (အသက်ဘေးအန္တရာယ်မှ ကယ်ဆယ်ခြင်းအားဖြင့်) အသက်ရှင်စေခဲ့ပါမူ ထိုသူသည် ကမ္ဘာ့ လူသားထုတစ်ရပ်လုံးအား အသက်ရှင်စေဘိသကဲ့သို့ဖြစ်သည်။"

*(ကုရ်အာန် ၅ း ၃၂)*

အပြစ်မဲ့သူကို သတ်ဖြတ်ခြင်းသည် လူ့ကျင့်ဝတ်ကို ထိပါးစော်ကားခြင်းဖြစ်သကဲ့သို့ ကမ္ဘာ့လူ့အဖွဲ့အစည်းကိုလည်း များစွာနစ်နာစေပါသည်။

ဤအာယတ်တော်၌ 'အသက်'ဟု ဆိုထားသည့်အတွက် လူမျိုး ဘာသာမရွေး လူသားတိုင်း၏အသက်ကို လေးစားတန်ဖိုးထားရမည်ဖြစ်သည်။ တမင်ရမယ်ရှာ၍ မည်သူမည်သည့်ဘာသာဝင်ကိုမျှ သတ်ဖြတ်ခြင်း မပြုရဟု ပြတ်ပြတ်သားသားတားမြစ်ထားသည်။

တမန်တော်မြတ်က မုစ်လင်မ်တို့ တာဝန်ယူ ကတိခံထားရသော ဘာသာခြားတို့အား သစ္စာဖောက်ဖျက်သတ်ဖြတ်ပါက တမလွန်တွင် ဂျန္နတ်၏ အနံ့ကိုပင် ရရှိမည်မဟုတ်ကြောင်း ဤသို့မိန့်ကြားတော်မူထားသည်။

"အကြင်သူသည် (ဘာသာခြားတစ်ဦးအား လွတ်လပ်သောဘဝနှင့် ငြိမ်းချမ်းရေးရရှိမည်ဟု) ကတိခံထားပြီး ထိုသူအား ကတိဖေါက်ဖျက် သတ်ဖြတ်ခဲ့သော် ဂျန္နသ်၏အနံ့ကိုပင်မရရှိတော့ပေ။ စင်စစ်ဂျန္နသ်၏အနံ့ကို နှစ်ပေါင်းလေးဆယ်နှင့်ရသော ခရီးအကွာအဝေးမှပင် ရရှိနိုင်မည်ဖြစ်သည်"

အကယ်၍မွတ်စလင်တစ်ဦးက မွတ်စလင်မဟုတ်သူတစ်ဦးအား သတ်ခြင်းအမှုကို ကျူးလွန်လျှင် ၎င်းမွတ်စလင်မဟုတ်သူ၏ အသက်အစား မွတ်စလင်ကိုကွပ်မျက်ရမည်။ ကုရ်အာန်ကျမ်းကလည်း 'ကိဆွာဆ်' ဥပဒေကို ဤသို့ ပြဋ္ဌာန်းထားသည်။

❖ ဇင်မီဘာသာခြားတစ်ဦးအား သတ်ဖြတ်ခဲ့သည့် ကျူးလွန်မှုအတွက် ၎င်း၏အစား မွတ်စလင်တစ်ဦးကို ကွက်မျက်ရန် အုရ်မရ်သခင်က အမိန့် ပေးခဲ့သည်။

❖ အီမာမ်ရှာဖွေအီက အလီသခင်၏ ဖြတ်ထုံးတစ်ခုကို ဤသို့မိန့်ဆို ထားသည်။ အချို့ဘာသာခြားများကို သတ်ဖြတ်ခဲ့သည့် တရားခံများကို ကွက်မျက်ရန်စီရင်တော်မူခဲ့သည်။

❖ အကယ်၍ အသတ်ခံရသူ၏ ဆွေမျိုးသားချင်းများက ခွင့်လွှတ်လျှင် (သို့မဟုတ်)လျော်ကြေးငွေဖြင့်ကျေနပ်လျှင် ကာယကံရှင်က ကျေနပ်လျှင် ကျေနပ်ခွင့်ရှိသည်။

❖ ကိုယ်လက်အင်္ဂါ နံ့ချာဆင်းရဲအောင် ပြုသည့်အမှုတွင်လည်း တူညီသောတုန့်ပြန်မှုကို ပေးနိုင်သည်။

❖ တမန်တော်မြတ်က မွတ်စလင်နှင့် မွတ်စလင်မဟုတ်သူတို့၏ နစ်နာကြေးသည် အတူတူဖြစ်သည်ဟု ဆုံးဖြတ်ပေးထားသည်။

## ပိုင်ဆိုင်မှုကို လေးစားခြင်း

တမန်တော်မြတ်က မွတ်စလင်မဟုတ်သူတို့၏ အသက်ကို မွတ်စလင်တို့၏ အသက်ကဲ့သို့ တန်ဖိုးထားရန်ပြဋ္ဌာန်းတော်မူခဲ့သကဲ့သို့ မွတ်စလင်မဟုတ်သူတို့၏ အိုးအိမ်စည်းစိမ်နှင့် ပိုင်ဆိုင်မှုများကိုလည်း မွတ်စလင်တို့၏ ပိုင်ဆိုင်မှုကဲ့သို့ပင် လေးစားအသိအမှတ်ပြုရန် ပြဋ္ဌာန်းထားတော်မူခဲ့၏။ ထို့ကြောင့်မွတ်စလင်မဟုတ်သူများ၏ ပိုင်ဆိုင်မှုများကို တလေးတစားဖြင့် ကာကွယ်စောင့်ရှောက်ရမည်။ ၎င်းတို့၏ အလိုမတူ အခွင့်မရှိဘဲ မည်သည့် ပစ္စည်းကိုမျှ သိမ်းပိုက်ခွင့်မရှိ။

"တစ်ဘက်နှင့်တစ်ဘက် သဘောတူကျေနပ်မှုဖြင့် တစ်စုံတစ်ရာ ရောင်းဝယ်ဖေါက်ကားသည်မှအပ မတရားသောနည်းဖြင့် စားသုံးခြင်း မပြုကြကုန်လင့်။" *(ကုရ်အာန်ကျမ်း ၄ း ၂၉)*

မုစ်လင်တို့ ခိုင်ဗရ်မြို့ကို အောင်နိုင်သောအခါ မုစ်လင်မ်စစ်သည်တို့သည် ယဟူဒီတို့ ပိုင်ဆိုင်သော သစ်သီးဝလံများကို ဥယျာဉ်ထဲ၌ ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ စားသုံးကြသဖြင့် ဤလုပ်ရပ်ကို အလ္လာဟ်အရှင်မြတ်က မနှစ်မျို့သဖြင့် ဤကဲ့သို့သော လုပ်ရပ်များကို သင်တို့ မပြုလုပ်ရဟု ပြဋ္ဌာန်းလိုက်သည်။

"ကောင်းစွာ မှတ်သားကြကုန်လော့. . . . . ကတိပြုပြီး မတော်မတရားပြုခဲ့သော်၊ အခွင့်အရေးကို ဆုံးရှုံးစေခဲ့သော်၊ မနိုင်သည့်ဝန်ကို ထမ်းဆောင်စေခဲ့သော်၊ မကြည်ဖြူဘဲ သူတစ်ပါး၏ပစ္စည်းကို ယူငင်ခဲ့သော် ကမ္ဘာ့တရားခွင်နေ့တွင် ယင်း၏ အစားကိုပေးချေရမည်။" (အဗူဒါဝူဒ်ကျမ်း)

အစ္စလာမ့်ဥပဒေအရ ခိုးဝှက်ခြင်းပြစ်မှုကျူးလွန်သူအတွက် လက်ဖြတ်ရမည်ဟု ပြဋ္ဌာန်းထားသည်။ ခိုးဝှက်သူ တရားခံသည် မုစ်လင်မ်၏ ပစ္စည်းကို ခိုးဝှက်သည်ဖြစ်စေ မုစ်လင်မ်မဟုတ်သူ၏ ပစ္စည်းကို ခိုးဝှက်သည်ဖြစ်စေ တရားခံသည် လက်ဖြတ်ခြင်းပြစ်ဒဏ်ကို ခံရမည်ဟူသည့်အချက်ကို အစ္စလာမ့်ဖွေကာ ဥပဒေပညာရှင်များ အဆိုညီကြသည်ဟု အစ်ဗ်နေ ကုဒါမဟ်မုကာဒ်ဒစ်က မှတ်တမ်းတင်ထားသည်။

ဤကျမ်းချက်များအရ အစ္စလာမ့်အဆုံးအမတွင် မုစ်လင်မ်နှင့် မုစ်လင်မ်မဟုတ်သူတို့၏ ပိုင်ဆိုင်မှုများကို တန်းတူထား၍ ကာကွယ် စောင့်ရှောက်ရမည်ဖြစ်ကြောင်း ထင်ရှားစွာ သိရှိရပါသည်။

# ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ခြင်း

ငြိမ်းချမ်းစွာ ယှဉ်တွဲနေထိုင်သူတို့အချင်းချင်း တစ်ဦးနှင့်တစ်ဦး ရိုသေလေးစားစွာ ဂါရဝတရားထားရှိရန်လိုအပ်သည်။ တမန်တော်မြတ်က လူမျိုးဘာသာမရွေး 'ကြီးသူရိုသေ၊ ရွယ်တူလေးစား၊ ငယ်သူသနား'ရမည့်အကြောင်းကို အလေးအနက် တိုက်တွန်းထားသည်။ အလ္လာဟ်အရှင်မြတ်က အစ္စလာမ်တရားကို လေးနက်စွာ ယုံကြည်ကြထားသူတို့အား အမှုပြု၍ ဤသို့ မိန့်ကြားတော်မူထားသည်။

"အို. . သက်ဝင်ယုံကြည်သူအပေါင်းတို့ အမျိုးသားတို့သည် အခြားအမျိုးသား( မျိုးနွယ်စုတို့ )အား သရော်သမှုမပြုရ။ ထိုသရော်ခြင်းခံရသော အမျိုးသားများသည် သရော်သော အမျိုးသားများထက် ပိုကောင်းမြတ်သူများဖြစ်ကြရ၏။ ထိုနည်းတူစွာ အမျိုးသမီးများသည်လည်း အခြား(မျိုးနွယ်စုမှ) အမျိုးသမီးများအား သရော်မှုမပြုကြရ။ ထိုသရော်ခံရသော အမျိုးသမီးများသည်လည်း သရော်သော အမျိုးသမီးများထက် ပို၍ ကောင်းမြတ်သောသူများဖြစ်တန်ကြကုန်၏။"

"ထို့အပြင် အသင်တို့သည် မိမိတို့ အချင်းချင်း တစ်ဦးကိုတစ်ဦး ဌြူစူစောင်းချိတ် ကဲ့ရဲ့ပြစ်တင်ရှုတ်ချခြင်းလည်း မပြုလုပ်ကြကုန်လင့်။ ထိုမှတပါး သင်တို့သည် မိမိတို့အချင်းချင်း တစ်ဦးကိုတစ်ဦး သရော်သမှုပြုကြသော အမည်နာမများဖြင့်လည်း မှည့်ခေါ်ခြင်း မပြုကြကုန်လင့်။

အစ္စလာမ်သာသနာကို လက်ခံယုံကြည်ပြီးသည့်နောက် ပြစ်မှုကျူးလွန်သူတည်းဟူသော အမည်နာမသည် လွန်စွာ ဆိုးရွားလှ၏။" *(ကုရ်အာန် ၄၉း၁၁)*

ထိုကဲ့သို့ပင် အမျိုးသားများအား မိမိတို့၏ မျက်လွှာကို ထိန်းသိမ်းခြင်းနှင့် မိမိတို့၏ ကာအိန္ဒြေရပ်ကို ထိန်းသိမ်းရန် ပြဋ္ဌာန်းထားသကဲ့သို့ ဤပြဋ္ဌာန်းချက်တွင် အမျိုးသမီးများလည်း ပါဝင်ပေသည်။

"(အို တ မန်တော်) အသင်သည် သက်ဝင်ယုံကြည်သူတို့အား မိမိတို့၏ မျက်လွှာများကို နှိမ့်ချထားရမည်ဟူ၍လည်းကောင်း မိမိတို့ အရှက်အင်္ဂါ

များကို ထိန်းသိမ်းကြရမည်ဟူ၍လည်းကောင်း ပြောကြားပါလေ။"
*(ကုန်အာန်ကျမ်း ၂၄ း ၃၀)*

"(အို တမန်တော်) အသင်သည် သက်ဝင်ယုံကြည်သူ အမျိုးသမီးတို့အား ပြောကြားပါလေ။ ၎င်းတို့သည် မိမိတို့၏ မျက်လွှာကို ထိန်းသိမ်းရမည်။ ထို့ပြင် မိမိတို့၏ အရှက်အင်္ဂါကို (ကာမေသုမိစ္ဆာစာရ ကျူးလွန်ခြင်းမှ ထိန်းသိမ်းရမည်။) ထိုမှတပါး ၎င်းသူမတို့သည် ပေါ်လွင်နေတတ်သော မိမိတို့၏ အလှမှအပ ကျန်အလှများကို မပေါ်ကြစေရ"။ *(ကုန်အာန် ၂၄ း ၃၁)*

ဤအမိန့်တွင် ဂုဏ်သိက္ခာပိုင်ဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သဖြင့် မုစ်လင်မ်နှင့် မုစ်လင်မ် မဟုတ်သူဟူ၍ ခွဲခြားချက်မရှိ။ မုစ်လင်မ် မဟုတ်သူတို့၏ အရှက်သိက္ခာသည် မုစ်လင်မ် ၏ အရှက်သိက္ခာကဲ့သို့ ဖြစ်သည်။ မုစ်လင်မ်တို့ မကျူးလွန်ရန် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်သည် မုစ်လင်မ် မဟုတ်သူတို့ အတွက်လည်း ပြဋ္ဌာန်းပြီးဖြစ်သည်။

မုစ်လင်မ်တို့၏ ဂုဏ်သိက္ခာကို ကာကွယ်ရမည်ဖြစ်သကဲ့သို့ မုစ်လင်မ်ဖွဲ့စည်းအုပ်ချုပ်မှုနယ်မြေတွင်နေထိုင်သော မုစ်လင်မ် မဟုတ်သူ၏ ဂုဏ်သိက္ခာကိုလည်း ကာကွယ်ပေးရန် လူမှုဘဝလုံခြုံမှုရရန် မုစ်လင်မ် တို့အပေါ်၌ တာဝန်ရှိပါသည်။

## အေးအတူပူအမျှ

အေးအတူပူအမျှ နေထိုင်ကြသော လူအဖွဲ့အစည်းတွင် စားဝတ်နေရေး ပညာရေး စီးပွားရေး ကျန်းမာရေးစသည့် နယ်ပယ်အသီးသီးတွင် အတူတကွ ရှိနေကြသည်။ တစ်ဦး၏ မျက်ရည်ကို တစ်ဦးက ကြင်နာစွာ သုတ်ပေးရမည်။ တစ်ဦးက ငတ်နေလျှင် တစ်ဦးက ကျွေးမွေးရမည်။ တစ်ဦးက ပညာမဲ့နေလျှင် တစ်ဦးက ပညာသင်ပေးရမည်။ တစ်ဦး၏ ဝေဒနာကို တစ်ဦးက ယုယစွာ

ကုစားပေးရမည်ဟု အစ္စလာမ့်တရားက ညွှန်ကြားပါသည်။

အစ္စလာမ့်တရားက ဘဝ၏ အခန်းကဏ္ဍအသီးအသီးတွင် တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီကာ အေးအတူပူအမျှ မိသားစုစိတ်ဓာတ်ဖြင့်နေထိုင်၍ မွတ်စလင်မ်မဟုတ်သူများကိုလည်း ရိုးသားစွာ ဆက်ဆံရမည်ဟု ပြဋ္ဌာန်းထားသည်။

☞ ကျွန်ုပ်တို့၏ ခေါင်းဆောင်တမန်တော်မုဟမ္မဒ်သခင်က ဘာသာခြားများကို ရင်းနှီးစွာ ဖိတ်ခေါ်၍ တည်ခင်းဧည့်ခံခဲ့ပါသည်။

☞ မိမိ၏ ဧည့်သည်အဖြစ် ဧည့်ဝတ်ပြုသည်။ မိမိအား ဖိတ်ခေါ်လာလျှင်လည်း ကြွမြန်းတော်မူပါသည်။

☞ မိမိ၏ မိတ်ဆွေများကိုလည်း မွတ်စလင်မ် မဟုတ်သူ လူကြီးလူကောင်းများ၏ နာမှုကိစ္စရပ်များတွင်လည်း ပံ့ပိုးကူညီရန် မိန့်တော်မူသည်။

☞ မွတ်စလင်မ်မဟုတ်သူတစ်ဦး နေထိုင်မကောင်းဖြစ်နေလျှင်လည်း လူနာမေးခြင်း ဆေးဝါးလှူဒါန်းခြင်းများကို ပြုလုပ်ရန် ညွှန်ကြားသည်။

တမန်တော်မြတ်၏ မွတ်စလင်မ်မဟုတ်သူတို့နှင့် ဆက်နွယ်သည့် စံနမူနာကောင်းများကို ဖွေကာပညာရှင်တို့က မှတ်တမ်းတင်ထားကြသည်။

အချို့မှာ-

☛ မဂျူစီ၏ 'ဇာဗီဟာ'လှီးဖြတ်ထားသည့်အသားမှအပ ၄င်းတို့ချက်ပြုတ်သော အစားအစာအားလုံးကို စားသုံးနိုင်သည်။

☛ မွတ်စလင်မ်တို့သည် မွတ်စလင်မ်မဟုတ်သော ဆွေမျိုးသားချင်းများနှင့် နွေးထွေးစွာ ဆက်ဆံခွင့်ရှိသည်။ ဆွေမျိုးရင်းခြာဖြစ်စေ ရန်သူ့ပိုင်နက်တွင် နေထိုင်သူဖြစ်စေ နွေးထွေးစွာ ဆက်ဆံနိုင်သည်။

☛ မွတ်စလင်မ်တစ်ဦးအဖို့ အိမ်နီးနားချင်း ခရစ်ယာန်နှင့် ရင်းနှီးစွာ ဆက်ဆံနှုတ်ဆက်ခွင့်ရှိသကဲ့သို့ အခြားဘာသာဝင်များနှင့်လည်း ရင်းနှီးစွာ ဆက်ဆံခွင့်ရှိသည်။

☛ အိမ်နီးပတ်ဝန်းကျင်ရှိ ဘာသာခြားများ၏ သာမှု၊ နာမှုတို့တွင် ကူညီခွင့် ရှိသည်။ လူနာမေးခြင်း ဆေးဝါးအတွက် ပံ့ပိုးခြင်းများ ပြုနိုင်သည်။

☛ ဘာသာခြားတစ်ဦး ကွယ်လွန်သွားပါက ကျန်ရစ်သူမိသားစုများကို ဖြေသိမ့် စကားပြောရာ၌ ဤသို့ မေတ္တာပို့ပါ။

"သင့်ကို အလ္လာဟ်အရှင်မြတ် ကောင်းမြတ်သော အစားချီးမြှင့်တော်မူပါစေ။ အသင်၏ ဘဝအခြေအနေကို ကောင်းမွန်အောင်ပြုပေးသနားတော်မူပါစေ။"

× × × × ×

# ပညာရေးဆိုင်ရာ ဆက်ဆံမှု

အစ္စလာမ်က ပညာရေးကိုအားပေးသည်။ တမန်တော်မြတ်ကလည်း ပညာရေးနှင့် စပ်လျဉ်း၍

"အသိပညာ၊ အတတ်ပညာဟူသည် 'မုအ်မင်န်' ယုံကြည်ခြင်းသဒ္ဒါတရားထားရှိသူတို့၏ ပျောက်ဆုံးနေသော ဥစ္စာဖြစ်သည်။ တွေ့ရှိရာနေရာ၌ ပြန်လည်ရယူရန် အခွင့်အရှိဆုံး ဖြစ်သည်"ဟုဆိုကာ ပညာရေးကို ကျားကုတ်ကျားခဲ ကြိုးစားဆည်းပူးကြရန် ဆော်ဩထားသည်။

ပညာသည် ကျောက်ခေတ်လူသားများအတွက် အသုံးဝင်ခဲ့သကဲ့သို့ ကျွန်ုပ်တို့ အနုမြူခေတ်တွင်လည်း ပညာကပင် ဦးဆောင်နေသည်။ လူ့သမိုင်းကို တိုးတက်စေရန် လူသားအရင်းအမြစ်များ များစွာလိုအပ်သည်။ ပညာမရှိဘဲ ခေတ်မီအောင် ခေတ်ကိုရွှေ့အောင် ပြုလုပ်၍ မရ။ လူ့သမိုင်းကို တိုးတက်စေရန် ခွန်အားတစ်စုတည်းဖြင့် မပြီးမြောက်။ ပညာပါမှ ပြီးမြောက်နိုင်သည်။ ဥပမာ လမ်းလယ်၌ ကန့်လန့်ကျနေသော သစ်တုံးကို လူသားများ၏အားဖြင့် တွန်းရွှေ့နိုင်သော်လည်း လူ့သမိုင်းကို ခေတ်မီစေရန် အင်အားသည် ပညာမပါဘဲ အကျိုးမဖြစ်ထွန်းနိုင်ပါ။

တမန်တော်မြတ်သည် ဗဒရ် စစ်ဆင်ရေးမှ ရရှိခဲ့သော သုံ့ပန်းများထဲမှ ပညာရှင်တို့ကို မုစ်လင်မ်ကလေးဆယ်ဦးကို အရေးအဖတ်ပညာ သင်ပေးစေပြီး တတ်မြောက်သွားပါက မိမိနေရပ်သို့ ပြန်နိုင်သည်ဟု မိန့်တော်မူပြီး သုံ့ပန်းပညာရှင်တို့ထံမှပင် ပညာကို သင်ယူတတ်မြောက်စေခဲ့သည်။

သို့ပါ၍ မိမိက ပညာရှင်အဖြစ် ရောက်ရှိသွားလျှင် လူမျိုးဘာသာမရွေး လူ့လောကကြီးလှပစေရန် လူသားအရင်းအမြစ် ဖွံ့ဖြိုးစေရန် မိမိတတ်မြောက်ထားသော အသိပညာများကို ပို့ချပေးရမည်။

မိမိက ပညာသင်အဆင့်ဆိုလျှင်လည်း လူမျိုးဘာသာမရွေးဘဲ ကျွမ်းကျင်ဆရာများထံမှ ပေါက်မြောက်သည်အထိ သင်ယူဆည်းပူးရမည်။

ယဉ်ကျေးမှုပိုင်းဆိုင်ရာ၌ အစ္စလာမ်ဘာသာဝင်များသည် အစ္စလာမ့်အဆုံးအမများကို ဂရုပြုရမည်။ အစ္စလာမ့်သင်္ကေတ လက္ခဏာများကို ထိန်းသိမ်းရမည်။

အစ္စလာမ့်တရားက ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ပေးပါသည်။

မုစ်လင်မ်တို့၏ သွင်ပြင်လက္ခဏာကို ထိခိုက်စေမည့်မည်သည့် တိုင်းတစ်ပါး၏ စရိုက်လက္ခဏာကိုမျှ လက်မခံပါ။

ထို့ကြောင့် တမန်တော်မြတ်က အစ္စလာမ်ဘာသာဝင်များ၏ သွင်ပြင်လက္ခဏာများတွင် မုတ်ဆိတ်ထားပုံ၊ ဆံပင်ပုံ၊ ဝတ်စားဆင်ယင်ပုံစသည့် မွတ်စလင်သွင်ပြင်များ မပျောက်ပျက်စေရန် ညွှန်ကြားထားသည်။ ဤသည် အရိုးပေါ်အရွက်မဖုံးစေရန် အကာအကွယ် ပြုထားခြင်းဖြစ်သည်။

× × × × ×

# စီးပွားရေးဆိုင်ရာ ဆက်ဆံမှု

လူမှုရေး၊ ဆက်ဆံရေးနယ်ပယ်၌လည်း မုစ်လင်မ်နှင့် မွစ်လင်မ်မဟုတ်သူဟူ၍ ခွဲခြားမှုမရှိပေ။

တမန်တော်မြတ်ကို တမန်တော်အဖြစ် တာဝန်အပ်နှင်းခြင်းခံရပြီးနောက်ပိုင်းတွင်လည်း တမန်တော်သည် စီးပွားရေး လုပ်ငန်းများကို အဗူစွဖ်ယာန်၊ ဂျိုဗိုင်ရ်ဗင်န်မုတ္တွအင်န်စသည့် စီးပွားရေးသမားများနှင့် စီးပွားရေးလုပ်ငန်းများကို အကျိုးတူ ပူးပေါင်းလုပ်ဆောင်ခဲ့သည်။

ခိုင်ဗရ်မြို့ကို အောင်နိုင်ပြီးသည့်နောက် ရဟူဒီဒေသခံများကို လယ်ယာမြေများ ခွဲဝေပေးခဲ့သည်။

မုစ်လင်မ်တစ်ဦးသည် မုစ်လင်မ်မဟုတ်သူအလုပ်ရှင်ထံတွင် ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခွင့် ရှိသည်။ အလီသခင်သည်လည်း ရဟူဒီ၏ထံ အလုပ်လုပ်ခဲ့ဖူးသည်။

ခဗ်ဗါဗ်(ရသွေ့)သည် ပန်းပဲဆရာတစ်ဦးဖြစ်သဖြင့် အာဆွိမ်ဗင်န်ဝါအင်လ်၏ လုပ်ငန်းများကို လက်ခံဆောင်ရွက်ပေးသည်။

မုစ်လင်မ်သည် ဘာသာခြားဝန်ထမ်းများကို ခန့်ထားနိုင်သည်။

အာရဗ်သဲကန္တာရတွင် လမ်းမရှိ၊ လမ်းခရီးသွားမည်ဆိုလျှင် လမ်းသိသူကို အခကြေးငွေပေး၍ လမ်းပြခိုင်းရသည်။ တမန်တော်မြတ် မဒီနာမြို့သို့ ကြွမြန်းတော်မူရာတွင် မုစ်လင်မ်မဟုတ်သူ လမ်းပြကို ငှားရမ်းခဲ့သည်။

လမ်းပြကို အာရဗီဘာသာဖြင့် ၂၂၁ ဟုခေါ်သည်။

ဖွေကာပညာရှင်များကလည်း မုစ်လင်မ်သည် မုစ်လင်မ်မဟုတ်သူကို ခန့်ထား တာဝန်ပေးခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

မုစ်လင်မ်အုပ်ချုပ်ရေးကဏ္ဍများတွင်လည်း မုစ်လင်မ်မဟုတ်သူများကို အဓိကကျသည့် ရာထူးဌာနတရများဖြင့် ချီးမြှောက်ခဲ့သည်။

မုအာဝိယဟ်သခင်၏ အုပ်ချုပ်မှုတွင် 'ဟမာဆွ်' တာဝန်ခံအဖြစ်

ခရစ်ယာန်ဘာသာဝင် 'အင်ဗ်နိုအာစာလ်'ဆိုသူကို ခန့်အပ်တာဝန်ပေးခဲ့သည်။

အစ်ဒွလ်မာလိကိဘုရင်၏ ခေတ်တွင် စာရေးတော်ကြီးအဖြစ် ခရစ်ယာန်ဘာသာဝင် စရ်ဂျွန်ကို တာဝန်ပေးခဲ့သည်။ ဘုရင်စာရေးတော်ဟူသည် မည်မျှအရေးပါသော တာဝန်ဖြစ်ကြောင်း စာရှုသူများ အသိပင်ဖြစ်သည်။

အလ္လာမလ်ရှစ်ဗလီနိုအ်မာနီ၏ အဆိုအရ ဤအဆင့်သည် ဝန်ကြီးချုပ်၏ အဆင့်ကဲ့သို့ အရေးပါသောအဆင့်ဖြစ်သည်။

အစ်ဗါစီဘုရင်များခေတ်တွင် 'အဗူအဟောက်ဆွာဗီ'ကို ထိုကဲ့သို့သော ရာထူးအပ်နှင်းခဲ့သည်။

ဘုရင်ဒီလက်၏ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးမှာလည်း 'နဆွရ်ဗင်န်ဟာရွန်'မည်သော ခရစ်ယာန်တစ်ဦး ဖြစ်သည်။

ထိုပုဂ္ဂိုလ်များသည် အမြင်ကြယ်သူများပီပီ တိုင်းပြည်တိုးတက်ရေး အတွက် အရည်အချင်းရှိသူများကို ဘာသာတရားကြောင့် အဟန့်အတားမဖြစ်စေဘဲ ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ရန် အခွင့်အလန်း ဖွင့်ပေးခဲ့သည်။

× × × × ×

# အုပ်ချုပ်ရေးဆိုင်ရာ ဆက်ဆံမှု

လူသားသည် မိမိနေထိုင်ရာဒေသ၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို မည်သို့မျှဥပက္ခာပြုမထားသင့်ပေ။ တရားဥပဒေ စိုးမိုးရေးသည် လူ့ဘဝ၏ ကဏ္ဍအသီးသီးတွင် အရေးပါလှသည်။ အေးချမ်းသာယာမှုကိုလည်း တရားဥပဒေဖြင့်သာ ရရှိနိုင်သည်။

မွတ်စလင်မ်နှင့် မွတ်စလင်မဟုတ်သူတို့သည် လူ့အဖွဲ့အစည်း၏ အကျိုး

ကိုရှေးရှု၍ ပူးပေါင်းကြံဆောင်ကြရမည်မှာ သမိုင်းပေးတာဝန်ဖြစ်သည်။
အုပ်ချုပ်ရေးဟူသည် ဒေသတွင်းပြဿနာကို ညင်သာစွာဖြေရှင်း၍ တရားဥပဒေ စိုးမိုးရန်ပင်ဖြစ်သည်။ တမန်တော်မြတ်ကြွချီတော်မူလာစဉ်က အာရပ်သမိုင်းတွင် စနစ်ကျသော အုပ်ချုပ်မှုစနစ် မထွန်းကားသေးပေ။ လူမျိုးရေးထုံးတမ်းများနှင့်သာ ခေါင်းဆောင်များက ထိန်းကွပ်အုပ်ချုပ်နေကြသည်။

## စုပေါင်းကာကွယ်ခြင်း

အားကိုးထိုက်သည့် ခေါင်းဆောင်ကောင်းမရှိသော မက္ကာမြို့၏ သမိုင်းကြောင်းကို ပြန်လှန်ကြည့်သော် . . .
မက္ကာမြို့သားတစ်ဦးက တစ်နယ်တကျေးမှ ရောက်လာသော သူစိမ်းတစ်ဦး၏ ရပိုင်ခွင့်ကို ငြင်းဆန်၍ အဆိုပါလူစိမ်း၏ အခွင့်အရေးကို ချိုးဖောက်နေသည်။ အခွင့်အရေးတောင်းဆိုပေးနိုင်သည့် ခေါင်းဆောင်ဟူ၍လည်း မရှိရှာ။ ထိုခရီးသည်သည် ကအ်ဗာ၏ရင်ပြင်၌ မက္ကာသားတို့ထံ သူ၏ခံစားနေရသည့်အကြောင်းကို တင်ပြ၍ အကူအညီတောင်းခံရှာသည်။ သို့သော် ကူညီရိုင်းပင်းမည့်သူဟူ၍မရှိ။ ထိုအခါအမှန်တရားကို မြတ်နိုးသော လူတစ်စုက ဤကိစ္စကို ကိုင်တွယ်ဖြေရှင်းပေးနိုင်ရန် 'အဗ်ဒွလ္လာဟ်ဗင်န် ဂျုဒ်အာန်'၏ အိမ်တွင် အစည်းအဝေးတစ်ခု ပြုလုပ်ကြပြီး Hilful Fadhul အမည်ဖြင့် အဖွဲ့အစည်းတစ်ရပ်ကို ထူထောင်လိုက်သည်။ ထိုအဖွဲ့တွင် တမန်တော်မြတ်သည် တက်ကြွသော လူငယ်တစ်ဦးအဖြစ် ပါဝင်လှုပ်ရှားခဲ့သည်။
အဖွဲ့၏ လုပ်ငန်းစဉ်များမှာ-
၁။ တရားမျှတမှုကို အသက်ဝင်စေရမည်။
၂။ မတရားမှုအစုစုတို့ကို ဆန့်ကျင်ရမည်။
၃။ တည်ငြိမ်အေးချမ်းစွာရှိနေသော မြို့တော်အတွင်း တည်ငြိမ် အေးချမ်း

မှုကိုနှောင့်ယှက်ဖျက်ဆီးသူကို ချေမှုန်းကြမည်။

၄။ ခရီးသည်များကို ကူညီရိုင်းပင်းရမည်။

ဤအဖွဲ့အစည်းသည် တမန်တော်မြတ် နဗီတာဝန်မထမ်းဆောင်မီက ဖွဲ့စည်းခဲ့သော အဖွဲ့အစည်းဖြစ်သည်။

သို့ပေသည့် တမန်တော်မြတ်သည် အဆိုပါ အဖွဲ့အစည်း၏ လုပ်ငန်းစဉ်များကို နှစ်သက်တော်မူသဖြင့် "အကယ်၍အဆိုပါအဖွဲ့သည် ပြန်လည်သက်ဝင်လာပြီး ငါကိုယ်တော်ကို ဖိတ်ကြားလာပါလျှင်လည်း ငါကိုယ်တော်ပါဝင်ရန် အသင့်ရှိသည်"ဟု မြွက်ကြားတော်မူခဲ့သည်။

အုမိုင်ယာခေတ်တွင် မြေးတော်ဟူစိန်နှင့် ဝလိဒ်ဗင်နအွှသ်ဗဟ်တို့ အကြားပြဿနာတစ်ရပ် ဖြစ်ပွားလာရာ အွှသ်ဗဟ်၏မတရားမှုကို ကာကွယ်ရန် အကူအညီတောင်းခံရာ ဆွဟာဗာများ တစ်ယောက်ပြီးတစ်ယောက် ရောက်ရှိလာသဖြင့် ဝလိဒ်သည် ဟူစိန်သခင်ကို အလျှော့ပေးလိုက်ရသည်။

ဤသမိုင်းဖြစ်ရပ်က အုပ်ချုပ်ရေးနှင့် ငြိမ်းချမ်းရေးကိစ္စရပ်များ၌ မွတ်စလင်မဟုတ်သူများအတူ ပူးပေါင်းနိုင်ကြောင်း သာဓကတစ်ရပ်ဖြစ်သည်။

အခြေခံစည်းမျဉ်းများကို အခြေခံ၍ နိုင်ငံရေးတွင် မွတ်စလင်တို့သည် မွတ်စလင်မဟုတ်သူတို့အား ကူညီသကဲ့သို့ မွတ်စလင်မဟုတ်သူများထံမှလည်း အကူအညီရယူနိုင်သည်။

လူမျိုးပေါင်းစုံနှင့် အဖွဲ့အစည်းတည်ထောင်ထားသော အုပ်ချုပ်ရေးယန္တရားတွင် မွတ်စလင်တို့ကလည်း ပါဝင်ပံ့ပိုးနိုင်သည်။ ကုရ်အာန် ကျမ်းမြတ်၌ တမန်တော်ယူစွဖ်၏အကြောင်းကို အကျယ်တဝင့်ဖော်ပြထားသည်။

ထိုအခါက အီဂျစ်နိုင်ငံကို အုပ်ချုပ်သူများအားသည် ဘာသာခြားများဖြစ်သည်။

သို့သော် တိုင်းပြည်သာယာဝဖြိုးရေးနှင့် တိုင်းပြည်အကျိုးအတွက်

တမန်တော်ယူစွဖ်သည် ဘဏ္ဍာရေးဝန်ကြီးရာထူးကို တောင်းဆိုခဲ့၏။

"ယူစွဖ်က (အို မင်းကြီး)သင်သည် ကျွန်ုပ်အားတိုင်းပြည်၏ ဘဏ္ဍာတော်များအပေါ်၌ (ကြီးကြပ်သူ ဘဏ္ဍာရေးဝန်ကြီး) အဖြစ်ခန့်အပ်ပါလေ။ ဧကန် ကျွန်ုပ်သည် ထိန်းသိမ်းနိုင်သူ အသိပညာနှင့် ပြည့်စုံသူပင်ဖြစ်သည် ဟုပြောကြားခဲ့လေသည်။" *(ကုရ်အာန် ၁၂ : ၅၅)*

ဘုရင်က တမန်တော်ယူစွဖ်၏ လျှောက်ထားချက်များကို လက်ခံတော်မူပြီး ဘဏ္ဍာရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်နှင်းလိုက်သည်။ မုစ်လင်ဖြစ်သော တမန်တော်ယူစွဖ်ကလည်း အကောင်းဆုံးဖြစ်အောင်ကြိုးစား၍ ဆောင်ရွက်ခဲ့သည်။

မိမိတို့ မှီတင်းနေထိုင်သော တိုင်းပြည်တွင် ဘာသာခြားအများစုနေထိုင်ကြပြီး အုပ်ချုပ်မှုယန္တရားကြီးတွင် ဘာသာခြားအများစုဖြစ်နေသော်လည်း မိမိ၏ အရည်အချင်းများနှင့် အစွမ်းအစများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ကူညီရမည်ဖြစ်ကြောင်း သမိုင်းသာဓကတစ်ရပ်ဖြစ်၏။

## နေထိုင်ရာတိုင်းပြည်ကို သစ္စာစောင့်သိရမည်

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားအဖြစ် ခံယူခြင်းသည် သက်ဆိုင်ရာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို လိုက်နာရန် ကတိပြုခြင်းဖြစ်သည်။ ထိုသို့ တိုင်းပြည်နှင့် ကတိပြုထားသော ကတိသစ္စာနှင့်အညီ နေထိုင်ကြရမည်။ သူသည်မိမိပြုထားသော ကတိနှင့်အညီ နေထိုင်သွားရပေမည်။ အလ္လာဟ်အရှင်မြတ်ကလည်း ဤသို့ မိန့်တော်မူထားသည်။

"အို, ယုံကြည်သူတို့ သင်တို့သည် မိမိတို့ထားရှိကြလေသော ကတိဝန်ခံချက်များအတိုင်း လိုက်နာဆောင်ရွက်ကြလေကုန်"။

*(ကုရ်အာန် ၅ : ၁)*

"အသင်တို့သည် မိမိတို့ အချင်းချင်း တစ်ဖက်နှင့်တစ်ဖက် ထားရှိကြသော ကတိသစ္စာကို ကျေပွန်စွာဆောင်ရွက်ကြလေကုန်"။*(ကုန်အာန် ၁၇ း ၃၄)*

ဥပဒေချိုးဖောက်ခြင်းကို အစ္စလာမ့်တရားက ပြင်းထန်စွာ ရှုတ်ချထားပါသည်။

## မိတ်ဖက်မပျက် ပေါင်းဖက်ဆောင်ရွက်

မတရားမှု ကျူးကျော်စော်ကားမှုများကို အချင်းချင်းနားလည်မှုကြီးစွာဖြင့် ဝိုင်းဝန်းကူညီတိုက်ဖျက်ရမည့်အကြောင်းကို ကုရ်အာန်ကျမ်းမြတ်၌ မြောက်များစွာ မိန့်ဆိုထားသည်။ တိုင်းပြည်အတွင်း မှီတင်းနေထိုင်သူ အချင်းချင်း ပြည်ထောင်စု စိတ်ဓာတ်ဖြင့် ကျူးကျော်စော်ကားလာသူကို စည်းလုံးညီညွတ်စွာ လက်တွဲ၍ အနိုင်မခံ အရှုံးမပေးဘဲ တွန်းလှန်ပစ်ရမည်။

တမန်တော်မြတ်က

"အသင်တို့ မကောင်းမှု တစ်စုံတစ်ရာကိုတွေ့လျှင် ရုပ်အင်အားနှင့် တုံ့ပြန်ပါ။ မတတ်စွမ်းနိုင်လျှင် နှုတ်ဖြင့် တုန့်ပြန်ပါ။ ထိုသို့မျှ မတတ်နိုင်လျှင် တုံ့ပြန်လိုစိတ်ကိုမူ အနည်းဆုံးအဆင့်အနေဖြင့်ထားပါ"ဟု မိန့်ကြားတော်မူခဲ့သည်။ (မွတ်စလင်ကျမ်း)

အချုပ်အားဖြင့်ဆိုရသော် မွတ်စလင်နှင့်မွတ်စလင်မ်မဟုတ်သူတို့အကြား နိုင်ငံအကျိုး ပြည်သူ့အကျိုးကို ပူးပေါင်းလုပ်ကိုင်နိုင်သည်။ မျှတသော၊ လူသားချင်းစာနာထောက်ထားသော လမ်းစဉ်တည်ဆောက်ရာတွင် ကျရာနေရာမှ တာဝန်ထမ်းဆောင်ပိုင်ခွင့်ရှိသည်။

## ဘာသာတရားနှင့် စပ်လျဉ်း၍

မွတ်စလင်မ်နှင့် မွတ်စလင်မ်မဟုတ်သူတို့၏စပ်ကြား ဤကိစ္စရပ်သည် အလွန်ပင် အရေးပါ၍ အဓိကကျသော ဆက်နွယ်မှုဖြစ်သဖြင့် အလွန်ပင် လေးနက်သော ကိစ္စရပ်ဟုလည်း ဆိုချင်ပါသည်။

ဤနေရာ၌ မိမိတို့ ယုံကြည်သက်ဝင်သော ဘာသာတရား၏ အဆုံးအမများကို လေးစားစွာ လိုက်နာ၍ အခြားဘာသာဝင်များ၏ ထုံးဓလေ့များကိုလည်း လေးစားရန် အလွန်အရေးကြီးပါသည်။

မွတ်စလင်မ်တစ်ဦးအဖို့ မည်သည့်ဒေသ မည်သည့်တိုင်းပြည်တွင် မှီတင်းနေထိုင်သည်ဖြစ်ပါစေ အစ္စလာမ့်တရား၏ အခြေခံမူလေးရပ်ကို လိုက်နာရပါသည်။

(၁) ယုံကြည်ချက်- အလ္လာဟ်အရှင်မြတ်အား ယုံကြည်ခြင်း တမန်တော်မြတ်အား ယုံကြည်ခြင်း

(၂) ခဝပ်ကိုးကွယ်ခြင်း၊ဆွလာတ်ဝတ်ပြုခြင်း၊ ဥပုသ်သီလစောင့်ထိန်းခြင်း

(၃) ပုဂ္ဂိုလ်ရေး (personal Law) ထိမ်းမြားမှု- အမွေခွဲဝေမှုဆိုင်ရာ ဥပဒေများအား လိုက်နာခြင်း

(၄) လူမှုဆက်ဆံရေးနှင့်ပတ်သက်၍ တရားတော်က ပြဋ္ဌာန်းထားသော စည်းမျဉ်းများကို လိုက်နာခြင်း။

ဤအချက်များသည် မွတ်စလင်မ် အများစုနေထိုင်သော နိုင်ငံတွင်နေထိုင်သည်ဖြစ်စေ မွတ်စလင်မ်မဟုတ်သူ အများစုနေထိုင်သော တိုင်းပြည်တွင်နေထိုင်သည်ဖြစ်စေ လေးစားလိုက်နာရမည့် အချက်များဖြစ်သည်။

ဤအချက်များကို မွတ်စလင်မ်တို့ ပြည့်ဝစွာ လိုက်နာခြင်းဖြင့် မွတ်စလင်မ်မဟုတ်သူတို့အတွက် နစ်နာဖွယ် စိုးစေ့မျှမရှိပါ။

ဘာသာတရားကို ချစ်မြတ်နိုးတန်ဖိုးထားသည့် အစဉ်အလာကောင်းသည်ပင် မိမိမှီတင်းနေထိုင်ရာ တိုင်းပြည်ကို မြတ်နိုးတန်ဖိုးထားတတ်သည့် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ကို ရှင်သန်စေရန် ပျိုးထောင်ပေးပါသည်။ တိုင်းပြည်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကိုလည်း ပြည့်ဝစွာ အထောက်အကူပြုပါသည်။

# မွတ်စလင်မ်စရိုက်လက္ခဏာကို ထိန်းသိမ်းခြင်း

အစ္စလာမ်သာသနာက မွတ်စလင်မ်များကို မိမိတို့ဘာသာရေး ယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖျောက်ဖျက်၍ အခြားယဉ်ကျေးမှုကို လက်ခံခြင်း မပြုရန်ညွှန်ကြားထားသည်။ မိမိတို့၏ စရိုက်လက္ခဏာများနှင့် အခြားဘာသာဝင်များ၏ စရိုက်လက္ခဏာများ မရောနှောစေရန် ဂရုပြု၍ ရှောင်ရှားရမည်။

တမန်တော်မြတ်က "အခြားသော ဘာသာဝင်တို့၏ ပုံသဏ္ဍာန်တုပသူသည် တို့အသင်းဝင်မဟုတ်။ ရဟူဒီနှင့် နဆွာရဟ်တို့၏ ပုံသဏ္ဍာန်မျိုး မလုပ်ရ"ဟု တားမြစ်ထားသည်။

တုပမှုသဏ္ဍာန်သည် ယေဘုယျအားဖြင့် (၄)မျိုး ဖြစ်နိုင်သည်။

(၁) အခြားသော ယဉ်ကျေးမှုလက္ခဏာအမှတ်အသား၊ ဘာသာရေးဆိုင်ရာတို့ကို တုပကျင့်မှုခြင်း (ဥပမာ) ခရစ်ယာန်ဘာသာဝင်တစ်ဦးက သူ၏ဘာသာရေးကို လေးစားသည့် အနေဖြင့် လက်ဝါးကပ်တိုင်ကို ဆွဲသကဲ့သို့ မွတ်စလင်မ်တစ်ဦးကလည်း ခရစ်ယာန်တစ်ဦး၏ လက်ဝါးကပ်တိုင်ကို ဆွဲခြင်း၊ အိမ်တွင်ချိတ်ခြင်းမျိုး မပြုရ။

ဆစ်ခ်လူမျိုးများ၏ ဘာသာရေးထုံးတန်းစဉ်လာအရ ဆင်ယင်ထုံးဖွဲ့မှုပုံသဏ္ဍာန်မျိုး ဆင်ယင်ခြင်းမပြုရ။

ဂျူးလူမျိုးများ၏ ဘာသာရေးထုံးတန်းစဉ်လာအရ ဆောင်းသည့်ဦးထုပ်ပုံမျိုးကို မွတ်စလင်မ်တို့ မဆောင်းရ။ ထို့အတူ ဟိန္ဒူဘာသာဝင်များ ဘာသာရေးအရ ကြိုးကို စလွယ်သိုင်းထားသကဲ့သို့ ကြိုးသိုင်းခြင်း၊ နဖူးတွင် အရစ်သုံးရစ်ခြယ်သခြင်းမျိုး မပြုလုပ်ရ။

အဘယ်ကြောင့်ဆိုသော် အဆိုပါကိစ္စရပ်များသည် ဟိန္ဒူဘာသာ၏ အထိမ်းအမှတ်ဓလေ့ထုံးများ ဖြစ်နေသောကြောင့် ဖြစ်သည်။

(၂) ဘာသာခြားညီနောင်များ၏ ဘာသာရေးပွဲများတွင် ဝင်ရောက်ဆင်နွှဲခွင့် မရှိ။

အားနာ၍ ဝင်ရောက်ဆင်နွှဲခြင်း၊ စည်းရုံးရေးအနေဖြင့် ဆင်နွှဲခြင်းများ

သည် 'ကုဖ်ရ်'ဖြစ်စေသည်။

အဘယ့်ကြောင့်ဆိုသော် လူသားတိုင်းသည် ကြိုက်နှစ်သက်ရာ ဘာသာကို လွတ်လပ်စွာ ရွေးချယ်ကိုးကွယ်ပိုင်ခွင့်ရှိသည်။ ဤသည် မွေးရာပါ အခွင့်အရေးဖြစ်သည်။ မိမိယုံကြည်ကိုးကွယ်သော ဘာသာတရား၏ ဓလေ့ထုံးအဆုံးအမပြဋ္ဌာန်းချက်များကို တစ်သဝေမတိမ်း လိုက်နာရမည်။ မိမိ၏ ဘာသာရေးကိစ္စကို ပျော်ရွှင်ကြည်နူးစွာ ကျင်းပရမည်။ ဘာသာရေး ကိစ္စများကို ဘာသာရေးယုံကြည်သူမဟုတ်ဘဲ ပါဝင်ခြင်းသည် အယောင်ဆောင်ခြင်းဖြစ်သည်။ ထိုကိစ္စမျိုးကို အစ္စလာမ်တရားက တားမြစ်ထားသည်။ မိမိဘာသာရေးကိစ္စရပ်များတွင်လည်း မယုံကြည်သူများပါဝင် ဆင်နွှဲခြင်းကို တားမြစ်ထားသည်။ မိမိမနှစ်သက်သည်ကို အခြားသူအတွက်လည်း မနှစ်သက်ရပေ။ သက်ဆိုင်ရာဘာသာတရား၏ အဆုံးအမနှင့်အညီ နေထိုင်ရမည်။ ဘာသာရေးအထိမ်းအမှတ် အခမ်းအနားများ လွတ်လပ်စွာကျင်းပရမည်။ ဤသို့ကျင်းပရာ၌ အခြားသောဘာသာရေးထုံးဓလေ့များကို သွပ်သွင်းခြင်း မပြုလုပ်ရ။ ဤသို့ပြုမူခြင်းသည် ဘာသာတရား၏ မူလအနှစ်သာရကို ပျက်သုံးစေပါသည်။

၃။ ဘာသာခြားများ၏ ဘာသာရေးအခမ်းအနားများ၌ ဝတ်ဆင်သော ဝတ်စုံများနှင့် ဘာသာရေးအရ ဝတ်ဆင်သော ဝတ်စားဆင်ယင်ပုံများ မဝတ်ဆင်ရ။ ခေတ်တစ်ခေတ်တွင် ဤဝတ်စားဆင်ယင်ပုံသည် လူမျိုးတစ်မျိုး၏ သင်္ကေတဖြစ်ခဲ့သော်လည်း နောင်တွင် ဘာသာရေးဝတ်စုံမဟုတ်တော့ဘဲ နိုင်ငံ၏ အမျိုးသားဝတ်စုံဖြစ်လာလျှင် ဤကဲ့သို့သော ဝတ်စုံမျိုးကို ဝတ်ဆင်ပိုင်ခွင့်ရှိသည်။

၄။ ဘာသာရေးနှင့် မသက်ဆိုင်သော ဆင်ယင်ထုံးဖွဲ့မှုမျိုးကို ပြုနိုင်သည်။ အဖွဲ့အစည်းများ ဖွဲ့စည်းအုပ်ချုပ်ပုံ၊ ရောင်းဝယ်ဖောက်ကားရာ၌ အသုံးပြုသော အချိန်အတွယ်၊ ဆောက်လုပ်ရေးဒီဇိုင်း၊ ကာကွယ်ရေးစနစ်များ စသည်တို့ကို သူ့နေရာနှင့်သူ ကာလဒေသကိုလိုက်၍ အကျိုးပွားနိုင်သည်။ နည်း

ပညာရယူနိုင်သည်။ တမန်တော်မြတ်သည် အီရန်နိုင်ငံသားတို့၏ စစ်ရေးဗျူဟာဖြစ်သည့် 'ကျုံးတူး တိုက်ခိုက်နည်း'ကို စလ်မန်ဖာရစီထံမှရရှိပြီး ကျုံးတူး၍ ခုခံကာကွယ်နည်းကို အသုံးပြုခဲ့သည်။

ထို့ကြောင့် ဘာသာခြားညီနောင်များ၏ သာသနာရေးနှင့် မသက်ဆိုင်သည့် လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ ကာကွယ်ရေး စသည်တို့တွင် နည်းပညာဖလှယ်ခြင်း၊ အကျိုးပွားခြင်းများပြုနိုင်သည်။

မိမိနေထိုင်ရာဒေသနှင့် ကမ္ဘာ့သတ္တဝါများအတွက် ဘေးအန္တရာယ်များကာကွယ်ပေးခြင်း၊ ဆောက်လုပ်ရေး၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးစသည့် အရေးကိစ္စများတွင် လူမျိုး၊ ဘာသာ၊ ဆင်းရဲချမ်းသာ မခွဲခြားဘဲ သာယာဝပြောရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပါဝင်ပူးပေါင်းဆောင်ရွက်ရမည်။

× × × × ×

# အခြားဘာသာကိုလည်း လေးစား

အခြားဘာသာတရားကိုလည်း လေးစားရမည်။ ဘာသာရေးကိစ္စများ၌ လုံးဝဝင်ရောက်စွက်ဖက်ခြင်း မပြုရ။

ဘာသာမတူညီသူအချင်းချင်း ဘာသာတရားကိုအကြောင်းပြု၍ ရန်ညိုးမဖွဲ့ရ။ မနှိမ့်ချရ။ ဘာသာတရားတိုင်းကို လေးစားရမည်။ စော်ကားခြင်းမပြုရ။

ကုရ်အာန်ကျမ်းတော်မြတ်က လွတ်လပ်စွာကိုးကွယ်ခွင့်ပေးထားသည်။

"ဘာသာရေးတွင် အဓမ္မမှု မရှိ။ သစ္စာအမှန်တရားသည် မိစ္ဆာအယူဝါဒနှင့် လုံးလုံးရှင်းရှင်း ကွဲပြားစွာရှိနေချေသည်။ " (ကုရ်အာန် ၂ း ၂၅၆)

အစ္စလာမ့်သမိုင်းမှ ဖြစ်ရပ်တစ်ခုကို တင်ပြရလျှင် သမ္မတကြီးအုမရ်

သခင်သည် 'ဝစတ်' မည်သော မိမိ၏ကျွန်အား မွတ်စလင်ဖြစ်စေရန် လိုလားသည်။ သို့သော် 'ဝစတ်' ကငြင်းဆန်မြဲငြင်းဆန်နေသည်။ အုမရ်သခင်ကလည်း ဘာသာရေးမှာ အဓမ္မမှုမရှိတာဟုဆိုကာ မည်သို့မျှ အပြစ်မဆိုခဲ့ပေ။ နောက်ဆုံးအုမရ်သခင် မကွယ်လွန်မီ သူကောင်းပြုပေးခဲ့သည်။

လူတိုင်းသည် မိမိကြိုက်နှစ်သက်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ပိုင်ခွင့် ရှိရုံသာမက ဘာသာတရား၏ အဆုံးအမ ဓလေ့ထုံးတမ်းနှင့်အညီ နေထိုင်ခွင့်လည်းရှိသည်။ ကျမ်းမြတ်ကုရ်အာန်က မက္ကာမြို့ရှိ မုရှ်ရိက်များကို အမှူးပြု၍တမန်တော်မြတ်၏ နှုတ်တော်မှ ဤသို့မြွက်ကြားစေခဲ့သည်။

"အသင်တို့အဖို့ အကျိုးလမ်းစဉ်သည် အသင်တို့၏သာသနာဖြစ်၍ ငါ့အဖို့ အကျိုးလမ်းစဉ်သည် ငါ၏သာသနာဖြစ်သည်။" *(ကုရ်အာန် ၂၉ း ၆)*

"ငါတို့၏အကျင့်အမှုမှာ ငါတို့အဖို့ဖြစ်၍ သင်တို့၏အကျင့်အမှုမှာ သင်တို့ အဖို့ဖြစ်သည်။" *(ကုရ်အာန် ၁၀၉ း ၁၅)*

ဘာသာဝင်အချင်းချင်း နားလည်မှုတစ်ရပ်အဖြစ် တမန်တော်မြတ်က နဂျရာန်ဒေသမှ ခရစ်ယာန်သံတမန်များကို ၎င်းတို့၏ထုံးဓလေ့အတိုင်း မျက်နှာမူ၍ တမန်တော်မြတ်၏ ဗလီတွင် ဝတ်ပြုခွင့်ပြုခဲ့သည်။

ဖွေကာ(အစ္စလာမ့်ဥပဒေ)ပညာရှင်များက ဤသို့ရေးသားထားကြသည်။

အကယ်၍ မွတ်စလင်တစ်ဦး၏ ဇနီးသည်သည် ယဟူဒီသို့မဟုတ် ခရစ်ယာန် ဖြစ်နေခဲ့လျှင် သူ၏ယုံကြည်ချက်အတိုင်း နေ့ကြီးရက်ကြီးများတွင် ဥပုဒ်စောင့်ခွင့်ရှိသည်။ ဤကိစ္စကို မွတ်စလမ် ခင်ပွန်းသည်က တားခွင့်မရှိ။

ခင်ပွန်းဖြစ်သူသည် စိတ်ကို မပိုင်သောကြောင့်တည်း။

ထို့အတူ သူမ၏ယုံကြည်ချက်အတိုင်း လက်ဝါးကပ်တိုင်စွဲခြင်း၊ သူ့အခန်းတွင် လက်ဝါးကပ်တိုင်ချိတ်ဆွဲခွင့်ရှိသည်။ ခင်ပွန်းဖြစ်သူက တားမြစ်ပိုင်ခွင့်မရှိ။

## ဘာသာရေးဆိုင်ရာ အကြီးအကဲများကို အပြစ်မဖွဲ့ရ မကောင်းမဆိုရ

အထူးသတိပြုရန်အချက်မှာ အခြားဘာသာဝင်များ၏ အကြီးအကဲများကို ပုတ်ခတ်ဝေဖန်ရှုတ်ချခြင်းမပြုရ။

အခြားဘာသာဝင်များ ကိုးကွယ်နေသည့် နတ်ဘုရားများ၊ ဒေဝါဒေဝီများကို မရှုတ်ချရ၊ မပုတ်ခတ်ရ။

အလ္လာဟ်အရှင်မြတ်မှလွဲ၍ အခြားအရာများကို ကိုးကွယ်ခြင်းသည် အစ္စလာမ့်ရှုထောင့်အရ အပြစ်ဖြစ်သော်လည်း အခြားဘာသာဝင်တို့၏ ကိုးကွယ်ရာများ ဖြစ်နေသည်။ အချင်းချင်းနားလည်မှုအနေဖြင့် အပြစ်ဆိုခြင်း လုံးဝလုံးဝမပြုလုပ်ရန် အစ္စလာမ့်တရားတော်က ညွှန်ကြားထားပါသည်။ အလ္လာဟ်အသျှင်မြတ်က ဤသို့မိန့်တော်မူထားသည်။

"အသင်တို့သည် အလ္လာဟ်အရှင်မြတ်မှအပဖြစ်သော အခြားကိုးကွယ်ရာများကို ရှုတ်ချခြင်းမပြုကြကုန်လင့်။" *(ကုရ်အာန် ၆ း ၁၀၈)*

## ဘာသာရေးအဆောက်အအုံများကို လေးစားရမည်

အစ္စလာမ့်တရားက မိမိတို့၏ ဘာသာရေးအဆောက်အအုံများကို လေးစားရန် ညွှန်ကြားသကဲ့သို့ အခြားဘာသာဝင်များ၏ သာသနိက အဆောက်အအုံများကိုလည်း ဖျက်ဆီးခြင်းမပြုရဟု တားမြစ်ထားသည်။

ကုရ်အာန်ကျမ်းမြတ်၏ ဟဂ့်ကဏ္ဍတွင် သာသနိကအဆောက်အအုံများ ဖြိုဖျက်ခြင်း၏ ဆိုးကျိုးကို ပြဆိုရာ၌ ဗလီကျောင်းများထက်အလျှင် ခရစ်ယာန်တို့၏ ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဝတ်ကျောင်းများ၊ ယဟူဒီဝတ်ကျောင်းများကို မိန့်ကြားထားသည်။

ဤကျမ်းချက်များဖြင့် ထင်ရှားစွာသိရှိရသည်မှာ ဘာသာရေးအဆောက်အအုံများကို ဘာသာရေးမခွဲခြားပဲ အလေးအမြတ်ထားရမည်။

တမန်တော်မြတ်သည် နဂ်ျရာန်ဒေသမှ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် သဘောတူစာချုပ် ချုပ်ဆိုရာ၌ ဘုရားကျောင်းများကို မဖျက်စီး၊ ဘာသာရေး ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုဟု အတိအလင်း ကတိပေးခဲ့၏။ မွတ်စလင်မ်တို့၏ အောင်နိုင်သောဒေသရှိ ဘာသာခြားတို့၏ ဘုရားကျောင်း ကန်များကို မဖျက်စီးကြရန် အုမရ်သခင်က ညွှန်ကြားထားသည်။

ဤအကြောင်းအရာများကို အစ္စလာမ့်သမိုင်းတွင် အမြောက်အများ တွေ့ ရှိနိုင်သည်။

## "ဂျေဟာဒ်" ဟူသည့် ဝေါဟာရ၏ သုံးသပ်ချက်

ယနေ့အစ္စလာမ်ဘာသာဝင် မွတ်စလင်မ်များနှင့် မွတ်စလင်မ်မဟုတ်သူ တို့၏အကြား သံသယစိတ်ကို ဖြစ်စေသော ဆူးညှောင့်ခလုတ်မှာ "ဂျေဟာဒ်" ဟူသော စကားရပ်ဖြစ်နေသည်။

'ဂျေဟာဒ်'၏ ပုံရိပ်မှာ မွတ်စလင်မ်တို့သည် သွေးစာနေသည်။ စစ်သွေး ကြွနေသည်။ တွေ့သမျှ ဘာသာခြားတိုင်းကို အကြမ်းဖက်တိုက်ခိုက်နေသည်။ ဤလုပ်ရပ်များသည် 'ဂျေဟာဒ်'ဖြစ်သည်ဟု မှားယွင်းစွာ မှတ်ယူနေကြသည်။ ဤသို့ထင်မြင်လာစေရန် မီဒီယာတို့ကို ကိုင်တွယ်ထားသော အနောက်တိုင်း သား နယ်ချဲ့လက်သစ်တို့က မရိုးဖြောင့်သောသဘောဖြင့် လုပ်ကြံဝါဒဖြန့်ခြင်း (Propagate)ဖြစ်သည်။

သူတို့သည် အစ္စလာမ့် ပကတိအရှိတရားများအား ဆန့်ကျင်ရန် မီဒီယာများကို အကျိုးရှိရှိ အသုံးချကြသည်။ အစ္စလာမ်ကို အထင်အမြင်မှား စေရန် တလွဲတချော် ကိုးကား၍ မဟုတ်မမှန် ထုတ်ဖော်ပြသပါသည်။ အရှိတရားကိုမူ အစဉ်တစိုက် အမှောင်ချ၍ အစ္စလာမ်ကို ပုံပျက်ပန်းပျက် ဖြစ်စေရန် လေလှိုင်းနှင့် စာအုပ်စာပေတို့ကို တွင်ကျယ်စွာအသုံးချကာ ဝါဒမှိုင်း တိုက်နေကြသည်။

တစ်နေရာရာတွင် ဗုံးတစ်ဗုံးကွဲပြီဆိုလျှင် မည်သည့်သက်သေမှ မပြဘဲ

တန်း၍ မွတ်စလင်မ်စစ်သွေးကြွများဟု စွပ်စွဲလိုက်သည်။ သူတို့စွပ်စွဲခံရသူများသည် မွတ်စလင်မ်သာဖြစ်သည်။

သတင်းစာခေါင်းကြီးပိုင်းတွင်လည်း အထူးသတင်းအဖြစ် ထင်သာမြင်သာရှိစေရန် စာလုံးအမဲကြီးနှင့် တင်ပြလေ့ရှိသည်။ နောက်ပိုင်းတွင် တရားခံအစစ်ပေါ်လာလျှင် မွတ်စလင်မဟုတ်ပါက သတင်းစာက မထင်မရှားသာမန်သတင်းအနေဖြင့်သာ ရေးသားတင်ပြကြပါသည်။

မွတ်စလင်မ်မဟုတ်သူတိုင်းကို တိုက်ခိုက်ခြင်းသည် 'ဂျေဟာဒ်'မဟုတ်ပါ။ မွတ်စလင်မ်တို့အား ဒုက္ခပေးလာခြင်းအပေါ် သူပြုသည့်အတိုင်းအတာထက် မကျော်လွန်စေပဲ လက်တုံ့ပြန်ခြင်းမျိုးကိုသာ ခွင့်ပြုထားခြင်းဖြစ်သည်။

"ထိုကာဖိရ်တို့က အသင်တို့အား စတင်မတိုက်ခိုက်သမျှကာလပတ်လုံး အသင်တို့သည် ၎င်းတို့အား မတိုက်ခိုက်ကြကုန်လင့်"

*(ကုရ်အာန် ၂ း ၁၉၃)*

"အတိုင်းထက်အလွန် မဖြစ်စေနှင့်၊ အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် အတိုင်းထက်အလွန် ပြုမူသူတို့ကို နှစ်သက်တော်မမူပေ။"

*(ကုရ်အာန် ၂ း ၁၉၃)*

ဤအာယတ်တော်တွင် အတိုင်းထက်အလွန်မဖြစ်ရဟု တားမြစ်ထားသည်။

အတိုင်းထက်အလွန်ဟူသည့် စကားရပ်တွင်

၁။ မိမိအား စော်ကားခဲ့သည့် ပမာဏအတိုင်းသာပြန်လည် တုန့်ပြန်ခြင်း။

၂။ မိမိအား ဒုက္ခပေးခြင်းမရှိသော အေးချမ်းမှုကိုလိုလားသော သူတို့အား တစ်စုံတစ်ရာ ထိခိုက်နစ်နာမှု မိမိကြောင့် မဖြစ်ပေါ်စေခြင်း။

၃။ ရှောင်လွှဲ၍မရတော့သဖြင့် ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်ရပါက လူသားချင်းစာနာမှု အပြည့်အဝထားရှိ၍ အမျိုးသမီးများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ တိုက်ပွဲတွင် ပါဝင်မှုမရှိသူများ၊ ဘာသာရေးဆိုင်ရာအကြီးအကဲများ စသည်တို့ကို ပစ်မှတ်မပြုရ။ လက်မရွယ်ရဟု ပြတ်

သားစွာ ပြဋ္ဌာန်းထားသည်။

စစ်ရေးနှင့်ပတ်သက်လာတိုင်း တမန်တော်မြတ်နှင့် တမန်တော်မြတ်၏ အရိုက်အရာကို ဆက်ခံသောခလီဖာကြီးများက တရားသော စစ်မှ မတရားသော စစ်အဖြစ် အသွင်မပြောင်းစေရန်နှင့် လူသားတို့စစ်ဘေးဒဏ်ကို မခံကြရစေရန် အစဉ်တစိုက် မှတ်မှတ်ရရ မှာကြားလေ့ရှိသည်။

ကုန်အာန်ကျမ်း၌ တရားသော တော်လှန်ခွင့်ကို ပြုထားသော်လည်း ဤ ခွင့်ပြုမှုသည် မူဘောင်အတွင်းမှ ခွင့်ပြုထားသည့် ခွင့်ပြုမှုတစ်ရပ်မျှသာ ဖြစ်ကြောင်း အောက်ပါဖော်ပြပါ အာယတ်တော်အရ သိရှိရပါသည်။

"တိုက်ခိုက်ခံရသော မွတ်စလင်မ်တို့သည် ခုခံတိုက်ခိုက်ခွင့်ရရှိခဲ့လေပြီ။ အကြောင်းမူကား ၎င်းတို့သည် နှိပ်စက်ညှင်းပန်းခြင်းကို ခံခဲ့ကြရလေပြီ။ ဧကန်မလွဲအလ္လာဟ်အရှင်မြတ်သည် ၎င်းတို့အား ကူညီစောင်မနိုင်စွမ်းရှိသော အရှင်ပင်ဖြစ်တော်မူ၏။ အကြင်သူသည် ကျွန်ုပ်အားဖန်ဆင်းမွေးမြူတော်မူသော အရှင်ကား အလ္လာဟ်အရှင်မြတ်ပင် ဖြစ်တော်မူသည်ဟုပြောဆိုခြင်းမှတပါး မည်သည့်အကြောင်းမျှမရှိဘဲ မတရားသဖြင့် မိမိတို့၏ နေအိမ်များမှ နှင်ထုတ်ခြင်းခံရရှာလေသည်။" *(ကုန်အာန် ၂၂ း ၃၉-၄၀)*

ဤအာယတ်တော်အရ ရှင်းလင်းစွာသိရှိရသည်မှာ အစ္စလာမ်ဘာသာဝင် မဟုတ်သောကြောင့် ၎င်းတို့နှင့် 'ဂျေဟာဒ်'ပြုရန် ညွှန်ကြားခြင်းမဟုတ်၊ မတရားဖိနှိပ်မှု လွန်ကဲသောကြောင့် ခွင့်ပြုခြင်းဖြစ်သည်။ ဤသို့အကျပ်အတည်း၏ ထွက်ပေါက်အဖြစ် ချွင်းချက်နှင့်ခွင့်ပြုရသော်လည်း ကုရ်အာန်ကျမ်းက အကယ်၍ ရန်သူမွတ်စလင်မ်မဟုတ်သူတို့ဘက်မှ မွတ်စလင်မ်တို့နှင့် ငြိမ်းချမ်းရေးအတွက် လက်ကမ်းလှမ်းလာကြလျှင် မိမိတို့ဘက်ကလည်း ကြိုဆိုလက်ကမ်းရမည်။

"အကယ်၍ ၎င်းတို့သည်အသင်တို့ထံမှ ဆုတ်ခွာလျှင် အသင်တို့နှင့်တိုက်ခိုက်ခြင်းမပြုဘဲနေခဲ့ကြလျှင် ထို့ပြင် ၎င်းတို့သည်အသင်တို့ထံ စစ်မက်အရေးကျေအေးရန် ကမ်းလှမ်းခဲ့ကြပါသော် အလ္လာဟ်အရှင်မြတ်သည် အသင်တို့

အား ၎င်းတို့နှင့် ဆန့်ကျင်ဘက်ပြုရန် (သို့) စစ်မက်တိုက်ခိုက်ရန် မည်သည့်နည်းလမ်းကိုမျှ ခွင့်ပြုတော်မူသည် မဟုတ်ချေ။" *(ကုရ်အာန် ၄ း ၉၀)*

'စူရာအန်ဖါလ်'၌လည်း ငြိမ်းချမ်းရေးကိုရယူရန် ဤသို့တိုက်တွန်းထားသည်။

"အကယ်၍ ထိုသူတို့သည် စစ်ပြေငြိမ်းရန်အလို့ငှာ တိမ်းညွတ်ကြပါမူ အသင်တို့သည်လည်း စစ်ပြေငြိမ်းရန် တိမ်းညွတ်ကြပါလေ"။

*(ကုရ်အာန် ၈ း ၆၁)*

ဤကျမ်းချက်များအရ ရှင်းလင်းစွာသိရသည်မှာ အစ္စလာမ့်ဂျေဟာဒ်သည် တည်ငြိမ်အေးချမ်းရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်ဖြစ်ပြီး အကြမ်းဖက်မှုနှင့် ဆူပူသောင်းကျန်းမှုကို အားပေးထားခြင်း မဟုတ်ပါ။

"အကယ်၍ ထိုသူ(မွတ်စလင်မ်)တို့သည် (ဒီးန်) သာသနာအရေးနှင့်စပ်လျဉ်း၍ အသင်တို့ထံမှ အကူအညီရလိုကြပါလျှင် အသင်တို့နှင့် ပဋိညာဉ်စာချုပ်ချုပ်ဆိုထားပြီးဖြစ်သော လူမျိုးမှအပ အခြားလူမျိုးများနှင့် ဆန့်ကျင်၍ (၎င်းတို့အား) ကူညီရိုင်းပင်းရန် အသင်တို့၌ တာဝန်ရှိပေသည်။

စင်စစ်သော်ကား အလ္လာဟ်အရှင်မြတ်သည် အသင်တို့ပြုမူသမျှကို အကြွင်းမဲ့မြင်တော်မူသော အရှင်ဖြစ်တော်မူပေသည်။"

*(ကုရ်အာန် ၈ း ၇၂)*

ကုရ်အာန်ကျမ်း၏ ဤအာယသ်များက ဂျေဟာဒ်ကိုမည်သို့ ပုံဆောင်စေခဲ့သနည်း။

ကုရ်အာန်က ခွင့်ပြုသော'ဂျေဟာဒ်' ဟူသည်

☛ စစ်သွေးကြွစေသည့် လှုံ့ဆော်မှုမဟုတ်။

☛ မွတ်စလင်တို့နှင့် ချုပ်ဆိုထားသော ကတိကိုဖျက်၍ ဘာသာရေးအစွန်းရောက်မှုကို အားပေးခြင်းမျိုးနှင့် ဘာသာရေးအစွဲဖြင့် ငြိမ်းချမ်းရေးကို ချိုးဖောက်စေခြင်းမျိုးမဟုတ်။

☛ မတရားမှုကို အဓွန့်ရှည်ရန်မဟုတ်။

☛ စစ်ကိုဖန်တီး၍ လူယဉ်ကျေးမှုကို ခဝါချစေသည့် စစ်၏အနိဋ္ဌာရုံကို ဖြစ်ပေါ်စေရန်မဟုတ်။

အစ္စလာမ်တရားက ခုခံစစ်ဖြင့် လူသားမျိုးနွယ်၏ မွေးရာပါအခွင့်အရေး ကိုကာကွယ်ပေးသည်။ ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်များကို စောင့် ရှောက်သည်။ စစ်၏အနိဋ္ဌာရုံကို ရှောင်ရှားနိုင်ရန် လမ်းစရှာဖွေသည်။

"ထိုသူတို့သည် အသင်တို့အား 'ဒိန်' သာသနာနှင့်စပ်လျဉ်း၍ တိုက်ခိုက် ခဲ့ကြသည်လည်း မဟုတ်ပေ။ အသင်တို့အား အသင်တို့၏ အိမ်များမှ နှင်ထုတ် ခဲ့ကြသည်လည်း မဟုတ်ပေ။ အလ္လာဟ်အရှင်မြတ်သည် အသင်တို့အား (ထို ဘာသာခြားများကို) ကျေးဇူးပြုခြင်းမှလည်းကောင်း တရားမျှတစွာ ဆက် ဆံခြင်းမှလည်းကောင်း တားမြစ်တော်မူသည် မဟုတ်ပေ။ ဧကန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် တရားမျှတသူတို့အား နှစ်သက်တော်မူ၏။"

*(ကုရ်အာန် ၆၀ း ၈)*

## "ဂျေဟာဒ်"နှင့် တမန်တော့်ဘဝ

မဒီနာမြို့ရောက်ရှိတော်မူပြီးသည့်နောက် တမန်တော်မြတ်နှင့် မွတ်စလင် မဟုတ်သူတို့အကြား (၈၂) ကြိမ် ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့သည်။

အများအားဖြင့် တိုက်ပွဲများသည် မဒီနာမြို့ပတ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့ သည်။

ဤဖြစ်ရပ်ကိုကြည့်ခြင်းဖြင့် ရပ်ဝေးမှလာရောက်ကျူးကျော်စော်ကားမှု ကို မဒီနာမြို့ပြင်ထွက်ကာ ခုခံခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ ထိုတိုက်ပွဲ များတွင် နှစ်ဖက်စလုံးမှ (၁၀၁၈)ဦး ကျဆုံးခဲ့သည်။ ပျမ်းမျှ စစ်ပွဲတစ်ပွဲတွင် နှစ်ဖက်စလုံးပေါင်း (၁၁)ဦး ကျဆုံးကြသည်ဟု မှတ်ယူနိုင်သည်။ ဤသည်ကို အကြောင်းပြု၍ မွတ်စလင်မ်တို့သည် ဓါးမိုး၍ သာသနာပြုသည်ဟု စွပ်စွဲနေ လျှင် ဟိန္ဒူဘာသာဝင်တို့၏ မဟာဗါရတ္ထကျမ်း၏အဆိုအရ တရားသောစစ် တွင် လူပေါင်း ထောင်နှင့်ချီ၍ သေဆုံးခဲ့ရသည်ဟူသောအချက်နှင့် နှိုင်းယှဉ်

ဆင်ချင်သုံးသပ်သင့်ပါသည်။

အလယ်ခေတ်၌ ခရစ်ယာန်ဘာသာရေးဂိုဏ်းကျောင်းတော်တစ်ခုသည် လူပေါင်းနှစ်သောင်းကို သေဒဏ်ချမှတ်ခဲ့သည့်အကြောင်း လေ့လာတွေ့ရှိရ၏။

အချို့ကို အရှင်လတ်လတ်မီးတင်ရှို့ခဲ့သည်လည်း ရှိခဲ့သည်။ ဤသည်တို့ကို ဥပေက္ခာပြုရန်၍ အစ္စလာမ်ဘာသာသည် ဓါးမိုး၍ သာသနာပြုခဲ့သည်ဟု မရှက်မရွံ့မဟုတ်မမှန်ပြောနေခြင်းမှာ အနောက်တိုင်းမီဒီယာသမားတို့၏ မီဒီယာကျင့်ဝတ်ကို ထင်ရှားစွာ ချိုးဖောက်နေခြင်းသာဖြစ်ပါသည်။

## ဂျစ်ဇ်ယာဟ်၏ သဘောတရား

အချို့အစွန်းရောက်ပုဂ္ဂိုလ်များသည် အစ္စလာမ်ကို နာမည်ဖျက်ရာ၌ 'ဂျစ်ဇ်ယာဟ်' ကိစ္စကို ရှေ့တန်းတင်၍ ပုတ်ခတ်စွပ်စွဲကြပြန်သည်။ ဤစွပ်စွဲချက်သည်လည်း ယနေ့ခေတ်မှမဟုတ်ပါ။ နှစ်ပေါင်းများစွာအလျှင်က အရှေ့တိုင်းရေးရာကျွမ်းကျင်သူ(orientalist)များ၏ စွပ်စွဲချက်ကို ဘာသာရေးဆိုင်ရာပညာရှင်များက ခြေခြေမြစ်မြစ် သဘာဝကျကျ ချေပထားခဲ့ပြီးဖြစ်သည်။ ယခုဤနေရာတွင် သက်ဆိုင်ရာ စာအုပ်စာတမ်းများကို ပြန်လှန်ကြည့်ရှုရန် အချိန်မပေးနိုင်သူတို့အဖို့ အတိုချုပ်၍ တင်ပြပါဦးမည်။

မွတ်စလင်မ်တို့၏ ဘဝလုံခြုံရေးအတွက် ဇကာသ်ကို အလ္လာဟ်အရှင်မြတ်က ပြဋ္ဌာန်းထားသည်။ မွတ်စလင်မ်မဟုတ်သူတို့အား ဇကာသ်ပေးရမည်ဟု ပြဋ္ဌာန်းခဲ့လျှင် ဤသည်မတရားရာရောက်သည်မှာ အမှန်ပင်။ ထို့ကြောင့် မွတ်စလင်မ်မဟုတ်သူတို့၏ ဘဝလုံခြုံရေးအတွက် မပြောပလောက်သော အခွန်ငွေကို အာမခံ၍ ထိုသူတို့၏ လုံခြုံရေးတာဝန်ကို သာမန်အဖြစ်မဟုတ်ဘဲ အဓိကကိစ္စရပ်တစ်ခုအဖြစ် သတ်မှတ်တာဝန်ယူလိုက်ခြင်းဖြစ်သည်။

အစ္စလာမ့်ခမ္မသတ်အရ'ဂျစ်ဇ်ယာဟ်'ကို အမျိုးသမီးများ၊ သက်ကြီးရွယ်

အိုများ၊ ကလေး သူငယ်များ၊ မသန်စွမ်းများ၊ ဆင်းရဲသူဆင်းရဲသားများစွာနှင့် ဘာသာရေးဝန်ထမ်းများကို ကင်းလွတ်ခွင့်ပေးထားသည်။

သို့ပါ၍ ဤ'ဂျစ်ဇ်ယာ'သည် ဒဏ်ကြေးမဟုတ်၊ ကုန်သွယ်ခွန်ပမာ သာမန်အခွန်သာဖြစ်သည်။ အာမခံငွေသဘောဆောင်သည်။

ဝင်ငွေနည်းပါးသူများအတွက် တစ်နှစ်လျှင် ဒစ်ရ်ဟမ် ၁၂ပြား ဝင်ငွေအလယ်အလတ်ရှိသူများအတွက် တစ်နှစ်လျှင် ၂၄ပြား၊ ဝင်ငွေများသူအတွက် ဒစ်ရ်ဟမ် ၄၈ပြား အသီးသီး သတ်မှတ်ပါသည်။

ဒစ်ရ်ဟမ်၁၂ပြားသည် ငွေ၃ ဒေါ်လာထက် နည်းသည်။ လက်ရှိငွေကျေးတန်ဖိုးနှင့်တွက်လျှင် ဒစ်ရ်ဟမ် ၁၂ပြားသည် ရှုပီးငွေ ၂၇၅ရှုပီထက်ပင် နည်းနေပါသည်။

မြို့ရွာသာယာရေးအတွက် တစ်နှစ်လျှင် ဤမျှသော ငွေကြေးကို ကောက်ခံရုံဖြင့် အခွန်၏ဝန် ပိရပါသည်ဟု စွပ်စွဲလျှင် ဟုတ်ပါသည်ဟု စာရှုသူ ထောက်ခံပါမည်လော။

ဤသို့ 'ဂျဇ်စ်ယဟ်' အာမခံအခွန်ပေးထားသူတစ်ဦးသည် အကယ်၍ လုပ်ကိုင်စားသောက်ရန် မစွမ်းနိုင်တော့ဘဲ အလုပ်လက်မဲ့ဖြစ်နေလျှင် 'ဗိုင်သွလ်မာဟ်'မှ လစဉ် ထောက်ပံ့ငွေကိုပင် ခံစားခွင့်ရှိပါသည်။

## ကမ္ဘာကျော်ပုဂ္ဂိုလ်များ၏ အစ္စလာမ်ပေါ်ရှုမြင်ချက်သဘောထား

အစ္စလာမ်၏ သရုပ်မှန်ကို နားလည်သော ကမ္ဘာကျော်ပုဂ္ဂိုလ်များအနက် အကြမ်းမဖက် ငြိမ်းချမ်းရေးနည်းကို ကိုင်ဆွဲသော မဟာတ္တမဂန္ဓီကြီးက

"အလ္လာမာ ရှိဗ္ဗလီရေးသားသော စီရတ်သွန်နဗီကျမ်းကို ကြည့်ပြီး အစ္စလာမ်ဘာသာသည် ကမ္ဘာသူကမ္ဘာသားတို့အား ဓားမိုးပြီး လွှမ်းမိုးခြင်းလုံးဝမဟုတ်ကြောင်း ကျွန်ုပ်၏ ယုံကြည်ချက်မှာ ပိုမိုခိုင်မြဲလာတော့၏။ အစ္စလာမ်သာသနာလွှမ်းမိုးလာခြင်းမှာ တမန်တော်မုဟမ္မဒ်၏ ကိုယ်ကျိုး

မဖက်ခြင်း၊ ရိုးသားခြင်း၊ ကတိတည်ခြင်း၊ တပည့်သားတို့အား ကိုယ်နှင့်ထပ်တူ သဘောပိုက်ခြင်းစသည့် အရည်အချင်းများကြောင့်ဖြစ်ပြီး ဤသို့ဖြင့် အခက်အခဲများကို အောင်မြင်ကျော်လွှားနိုင်ခဲ့ခြင်းဖြစ်သည်။ မုဟမ္မဒ် အတ္တုပ္ပတ္တိ ဒုတိယတွဲကို ဖတ်ပြီးသည့်နောက် ယခုကဲ့သို့ ကြီးကျယ်ထူးကဲသည့် ဘဝ အတ္တုပ္ပတ္တိမျိုး နောက်တစ်ကြိမ်ဖတ်ခွင့်ရမှာ မဟုတ်တော့၍ ဝမ်းနည်းကြေကွဲမိပါသည်" ဟူ၍ အားကျဂုဏ်ယူစွာ ဆိုခဲ့သည်။

ကမ္ဘာကျော်စာရေးဆရာကြီး ဘားနဒ်ရှောကလည်း

" အကယ်၍သာ မုဟမ္မဒ်ကဲ့သို့ ပုဂ္ဂိုလ်တစ်ဦး ကမ္ဘာ့အာဏာရှင်ဖြစ်အံ့။ ရှုတ်ထွေးပွေလီလှသော ကမ္ဘာ့ပြဿနာအရပ်ရပ်တို့မှာ ပြေလည်၍ ကျွန်ုပ်တို့ လိုလားတောင့်တနေသော ငြိမ်းချမ်းရေး၊ ပျော်ရွှင်မှုတို့မှာလည်း မုချရမည်ဟု ကျွန်ုပ် စွဲမြဲစွာ ယုံကြည်မိပါ၏" ဟု ဖွင့်ဟခဲ့သည်။

ထို့အပြင် ရုရှား အတွေးအခေါ်ပညာရှင် တော်စတွိုင်းကလည်း

"မုဟမ္မဒ်သည် မြင့်မြတ်သော ကမ္ဘာ့ပြုပြင်ရေး ရှေ့ဆောင်တစ်ဦးဖြစ်သည်။ သူသည် လူအချင်းချင်း ညီညွတ်မှုကို အစွမ်းကုန်ဆောင်ရွက်ခဲ့သည်။ သူ၏ ဂုဏ်ကျေးဇူးကား ရိုင်းစိုင်းလှသော လူမျိုးတို့အား အလင်းရောင်ပေး၍ လမ်းမှန်ပြနိုင်ခြင်းဖြင့်ပင် လုံလောက်ပါ၏"ဟု ဆိုခဲ့သည်ကို တွေ့ရှိရမည် ဖြစ်သည်။

## စုန်းပြူးတော့ ရှိပါသည်

မွတ်စလင်မ်လောကတွင် မရိုးဖြောင့်သူများလည်း ရှိနေသည်။ ဤသို့သော စုန်းပြူးမျိုး လူမျိုးတိုင်းတွင်ရှိနေသည်။ ဤကိစ္စကို မီဒီယာများက ရှေ့တန်းတင်၍ ထင်သာမြင်သာအောင် ပွဲဆူအောင်ပြုကြသည်။ ဥပမာ အသက် (၆၀) အရွယ်ရှိ မွတ်စလင်မ်တစ်ဦးက အသက် (၁၅)နှစ်အရွယ်ရှိ မိန်းကလေးကို သူမ၏ခွင့်ပြုချက်ဖြင့် လက်ထပ်ရယူခဲ့သည့်သတင်းကို သတင်းစာ၏ မျက်နှာဖုံးတွင် ထင်းထင်းကြီး ဖော်ပြလိုက်သည်။

သို့သော် မွတ်စလင်မ်မဟုတ်သူ အသက် (၆၀)ကျော်တစ်ဦးက (၆)နှစ်အရွယ်လူမယ်ကလေးမလေးကို မုဒိန်းကျင့်ခဲ့သည်ကိုတော့ သာမန်သတင်းအနေဖြင့် သတင်းစာအောက်ထောင့်နှင့် စာမျက်နှာထဲတွင် သတင်းအကျန်တစ်ခုအနေဖြင့် ဖော်ပြစမြဲဖြစ်သည်။ အမေရိကန်နိုင်ငံတွင် နေ့စဉ်နေ့တိုင်းပျမ်းမျှ မုဒိန်းမှုပေါင်း ၂၇၁၃ကြိမ်ဖြစ်နေပါသည်။ ထိုကိစ္စအတွက် သတင်းစာတွင် မဖော်ပြထားပါ။ အချို့ဘာသာရေးအစွန်းရောက်များ အွန်လိုင်းသတင်းရေးသားသူများ၏ ကျင့်ဝတ်အားနည်းမှုနှင့် လူမျိုးရေးအစွန်းရောက်တို့၏ လက်အောက်ခံ သတင်းမီဒီယာများကလည်း အစ္စလာမ့်သရုပ်မှန်နှင့်ဆန့်ကျင်ကာ ဝါဒဖြန့်မှုများရှိနေသည်ကိုလည်း မမေ့အပ်ပေ။

သို့ပါ၍ ဘာသာတရား၏ ပကတိအရှိတရားကို လေးစားပါ။

မွတ်စလင်မ်တို့၏ အားနည်းချက်ကို လူသားဆန်သည်၊ ဘာသာရေးနှင့် မသက်ဆိုင်ဟု နားလည်ပေးစေလိုပါသည်။

အချို့မွတ်စလင်မ် စုန်းပြူးများနှင့် ပကတိအစ္စလာမ်တရားမေ့ကို ခွဲခြားမြင်နိုင်ကြပါစေ။

## နိဂုံး

အထူးပြောကြားလိုသည်မှာ မွတ်စလင်တို့သည် ဘာသာခြားညီနောင်များနှင့် ဆက်ဆံရာတွင် အစ္စလာမ့်ပကတိအဆုံးအမနှင့်အညီ သဘောထားကြီးစွာ တိတိပပလိုက်နာရပေမည်။ အစ္စလာမ်တရားသည် ချမ်းမြေ့သာယာရေးအတွက် တိတိကျကျလမ်းညွှန်းထားသကဲ့သို့ ဘာသာခြား ညီနောင်များနှင့် ဆက်ဆံရေးတွင်လည်း အေးချမ်းသာယာစွာ တူယှဉ်လက်တွဲ နေထိုင်ရေးကို လျစ်လျူရှုခြင်းမပြုဘဲ အလေးအနက်ဂရုပြုကာ နည်းပေးလမ်းညွှန်ထားပါသည်။

မိမိတို့ ကိုယ်တိုင် တရားစည်းမဖောက်မိကြရန် အထူးသတိပြုရမည်။

အစ္စလာမ်သည် အစွန်းရောက်အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးသည့် ဘာသာမဟုတ်ပါ။ အစ္စလာမ်တရားသည် အေးချမ်းသာယာရေး၊ လူသားဝါဒဖော်ထုတ်ရေး၊ ဝိသမလောဘကို အရင်းခံသည့် လက်ဝါးကြီးအုပ် ဂုတ်သွေးစုတ် စီးပွားရေးစနစ် ပပြောက်ရေး၊ အသားအရောင်ခွဲခြားမှု ဆန့်ကျင်ရေးများနှင့် အချင်းချင်းအပြန်အလှန်လေးစားစွာ ဆက်ဆံရေး၊ မေတ္တာဖြန့်ကျက်၍ မုတိတာပွားများနိုင်ရေး၊ လူ့ဘဝမြှင့်တင်ရေးတို့ကို အထူးအလေးပေး ညွှန်ကြားပြသသော သာသနာဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် အစ္စလာမ့် အေးရိပ်ကို လူသားထုတစ်ရပ်လုံး နားခိုနိုင်သည်အထိ ငြိမ်းချမ်းရေးကို ဆောင်ကျဉ်းပေးနိုင်သော အစ္စလာမ့်အကျိုးဆောင်များအဖြစ် ကြိုးပမ်းအားထုတ်နိုင်ပါစေဟု ဆန္ဒပြုရင်း. . .။ ။

ရှင်လန်းချမ်းမြေ့ပါစေ. . . .

သန့်စင်မွန်

၁၅ - ၄ - ၂၀၀၈ ခုနှစ်



# အစ္စလာမ်ကပြောသော ကျင့်ဝတ်

" အို . . . ယုံကြည်သူအပေါင်းတို့၊
အကယ်၍ စာရိတ္တ ဖောက်ပြန်သူ
တစ်ဦးတစ်ယောက်သည်
အသင်တို့ထံ တစ်စုံတစ်ရာ သတင်းကို
ယူဆောင်လာခဲ့သည်ရှိသော်
အသင်တို့သည် မသိဘဲလျက်
လူမျိုးတစ်မျိုးကို အန္တရာယ်မပြုမိကြရန်
ယင်းသတင်းမှန်မမှန်ကို
စူးစမ်းစစ်ဆေးကြလေကုန်။
သို့မဟုတ်လျှင် အသင်တို့သည်
မိမိတို့ပြုမိခဲ့သော ကိစ္စကြောင့် ကြေကွဲကြရပေလိမ့်မည်။"

*(ကုရ်အာန်ကျမ်းမြတ် - ၄၉ း ၆)*

# မေတ္တာကမ္ဘာ

♥ သံသယသည်
မုန်းသမျှကို ဖျက်စီး၏. . . .।

♥ လောဘမီးသည်
လောကကြီးကို လောင်ကျွမ်း၏. . . .।

♥ အဘိဇ္ဈာသည်
စိတ်အနာကို ရင့်စေ၏. . . .।

♥ အတွေးဆင်ခြင် တရားမင်ပါ
အမြင်တရား ဖြောင့်မတ်သွားမှ
လူသားကမ္ဘာ ငြိမ်းချမ်းစွာဖြင့်
သစ္စာဝန်းယှက် မေတ္တာဖက်လိမ့်
နွယ်ဆက်စိုဝင် စိတ်ရင်ခွင်မှ
ဖြူစင်လှဆုံး သင့်နှလုံးကို
အမုန်းမငည်းပါစေနှင့်. . . .।

သန့်စင်မွန်

## အိန္ဒိယကောင်စီ၏ စာနယ်ဇင်းလမ်းညွှန်ချက်

ဘာသာရေး၊ လူမှုရေး အဓိကရုဏ်းများ ဖြစ်ပွားလေ့ရှိတဲ့ အိန္ဒိယနိုင်ငံရဲ့ စာနယ်ဇင်းကောင်စီက တိကျတဲ့လမ်းညွှန်မှုများပေးထားတာကို လေ့လာ တွေ့ရှိရပါတယ်။ အဲဒီလမ်းညွှန်ချက်များမှ သတင်းများမှာ ဘာသာ၊ လူမျိုး၊ ဇာတ်နိမ့်/ဇာတ်မြင့် ဖော်ပြတာနဲ့ ပတ်သက်ပြီး အောက်ပါအတိုင်း လိုက်နာဖို့သတ်မှတ်ထားပါတယ်။

၁။ လူတစ်ဦး၏အပြုအမူများ၊ လုပ်ဆောင်ချက်များ (အထူးသဖြင့် အဆိုးမြင်စေမဲ့ မကောင်းတဲ့သတင်းများ) နဲ့ ပတ်သက်ပြီး ရေးသားရာမှာ ကိုးကွယ်တဲ့ဘာသာ၊ လူမျိုး၊ ဇာတ်နိမ့်/ဇာတ်မြင့်များကို ရည်ညွှန်းရေးသားခြင်း မပြုဖို့သတိပြုရန်။

၂။ ပြစ်မှုများတွင် စွပ်စွဲခံရသူ သို့မဟုတ် နစ်နာသူ၏ မျိုးနွယ်၊ လူမျိုး၊ ဘာသာကို ရည်ညွှန်းရေးသားခြင်းမပြုရန်။

၃။ စကားလုံးများသုံးစွဲရာတွင် ဓမ္မဓိဋ္ဌာန်ကျကျ ရေးသားရန်၊ လှုံ့ဆော်ရာရောက်သည့် အသုံးအနှုန်းများကို ရှောင်ရှားရန်၊ ဒါ့အပြင် Communal Dispute လို့ခေါ်တဲ့ လူမျိုးရေး၊ ဘာသာရေး အဓိကရုဏ်းများ၊ ပဋိပက္ခနဲ့ ပတ်သက်ပြီး သတင်းရေးတဲ့အခါ အောက်ပါအတိုင်း လမ်းညွှန်ထားတာ တွေ့ရပါတယ်။

က။ ပဋိပက္ခများနှင့်ပတ်သက်ပြီး ရေးရာတွင် သတင်းအချက်အလက်များကို ခိုင်မာအောင်အတည်ပြုပြီးမှ ရေးသားရန်၊ ရေးသားရာတွင် ငြိမ်းချမ်းမှုကို ရှေးရှုသော အသုံးအနှုန်းများသာ သုံးစွဲရန်၊ ဖြစ်ပြီး၊ ဖြစ်ဆဲ ပဋိပက္ခကို ပိုမိုကျယ်ပြန့်အောင် လှုံ့ဆော်သည့်သဘော မဖြစ်ရန်။

ခ။ ဥပဒေစိုးမိုးရေးကို သံသယဖြစ်စေပြီး ပဋိပက္ခကို မိမိဘာသာ ဖြေရှင်းမှရမည်ဟု ထင်မြင်စေသည့် ရေးသားမှုမျိုး မပြုလုပ်ရန်။

ဂ။ စာနယ်ဇင်းများသည် ငြိမ်းချမ်းရေးတည်ဆောက်သူ ဖြစ်စေရန်၊ လှုံ့ဆော်သူ၊ ပြဿနာကိုမီးမွှေးပေးသူ မဖြစ်စေရန်။

ဃ။ စာနယ်ဇင်းများသည် လူမျိုးရေး၊ ဘာသာရေး ကွဲပြားခြားနားမှုများ ပပျောက်ပြီး သဟဇာတဖြစ်မှု၊ အပြန်အလှန် နားလည်မှုများကို တည်ဆောက် ပေးရန်ဖြစ်သည်။ ထိုကဲ့သို့ တာဝန်ရှိမှုနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ဟန်ချက်ညီညီ ကျင့်သုံးရန် သတ်မှတ်ထားပါသည်။ (မန္တလေးအလင်းဂျာနယ်၊ အတွဲ–၂၊ အမှတ်–၇၊ စာ–အချပ်ပို(ဂ)မှ)

**သမားတော်ကြီးဦးလှဝင်း (ဆရာလှ) ၏**

**မွန်မြတ်စေတနာ** ဆေးတိုက်မှ

လူမျိုးမရွေး ဘာသာမရွေး ကုသပေးပါသည်။

မြန်မာ့တိုင်းရင်းဆေးဖြင့် အထူးကုသပေးသော ရောဂါများ

ဆီးချို၊ သွေးချို၊ နှလုံးသွေးကြောကျဉ်း/ကျယ်၊ အသည်းရောင်အသားဝါ၊ ဘီပိုး၊ စီပိုး၊ အေအိုင်ဒီအက်စ်၊ ကျောက်ကပ်၊ ဆီးလမ်းကြောင်းကျောက်တည်၊ ခါးနာ၊ ဒူးနာ၊ လေငန်း၊ လေးဖက်နာ၊ အောက်ပိုင်းရောဂါ၊ ကင်ဆာ၊ မီးယပ်ရောဂါ အမျိုးမျိုး၊ အဆုပ်ရောဂါ၊ အဖျားရောဂါအမျိုးမျိုးတို့ကို အထူးကုသပေးပါသည်။

မှတ်ချက် - သာသနာ့ဝန်ထမ်းများကို စေတနာဖြင့် အခမဲ့ကုသပေးပါသည်။

**ဟာကီမီ - အမ်စီ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

ပင်ရင်း - အမှတ် (၂၄၁/၂၅၁)၊ အပေါ်ထပ်၊ အနော်ရထာလမ်းနှင့် လမ်း (၃၀)ထောင့်၊ အင်းဝအာအေးဆိုင်ရှေ့ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း -၀၁ ၂၅၂၅၆၁၊ ၀၉-၄၉၃၄၈၂၉၄

အို လူသားအပေါင်းတို့
အသင်တို့သည်
ရန်လိုမုန်းတီးမှု၊
ထိတ်တိုက်ရင်ဆိုင်လိုမှု
မပြုကြကုန်လင့်။
အလ္လာဟ်အရှင်မြတ်ထံ
ငြိမ်းချမ်းမှုကိုသာ
လိုလိုလားလား
တောင်းဆိုပန်ကြားကြလေကုန်။

တမန်တော်မုဟမ္မဒ်



Computerised Graphic Design myOewynn ☎ 09 730 31110